ကြေးမုံ The Mirror

၁၃၆၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၂ ရက်၊ ဗုဒ္ဓဟူးနေ့၊ (15-3-2006) (၄၉၀၀)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ် လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်း အနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီး နိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်း သား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့် စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်းကြည့်ရှု ခရိုင်ချင်းဆက် လမ်းဖောက်လုပ်မှုများနှင့် လမ်းအူကြောင်းများ စစ်ဆေး

ကြည့်ရှု စစ်ဆေး

နိုင်ငံတော်အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီး ရဲမြင့် ရှာငံမြို့နယ် မြို့ကြီးရေလှောင် တမံ ဘက်စုံစီမံကိန်းလုပ်ငန်း ခွင်ကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ရန်ကုန် မတ် ၁၄

မန္တလေးမြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်နေဝင်း၊ နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများလိုက်ပါလျက် မတ် ၈ရက် နံနက်ပိုင်းတွင် မော်တော်ယာဉ်များဖြင့် ထွက်ခွာပြီး နံနက် ၉နာရီ ၃၅မိနစ်တွင် ကျောက်ဆည်ခရိုင် သစ်တောဦးစီးဌာနသို့ ရောက်ရှိလာရာ ကျောက်ဆည်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတင်အုန်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ဖြည့်စွက်တင်ပြ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များအား ကျောက်ဆည်ခရိုင် အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး တင်အုန်းက ကျောက်ဆည်ခရိုင်အတွင်း ခြံစည်းရိုး ကြက်ဆူပင် စိုက်ပျိုးရန် လျာထားဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က ဖြည့်စွက်တင်ပြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ကျောက်ဆည်ခရိုင် သစ်တော ဦးစီးဌာနဝင်းအတွင်းရှိ ခြံစည်းရိုးကြက်ဆူပင် ဧက ၁၀၀ပျိုးဥယျာဉ်၌ ခြံစည်းရိုးကြက်ဆူပင် မျိုးစေ့၊ မျိုးကိုင်းများဖြင့် ပျိုးထောင်ထားမှု အခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ခြံစည်းရိုးကြက်ဆူပင် မျိုးစေ့နှင့် မျိုးကိုင်းများ စိုက်ပျိုးပေးကြပြီး ခင်းကျင်းပြသ ထားသည့် ခြံစည်းရိုးကြက်ဆူဆီသုံး ညှစ်စက်၊ စပါးရိတ်စက်၊ လယ်ယာ(၁၆)လက်တွန်းထွန်စက်၊ ထွန်စက်ကြီး မြင်းကောင်ရေ ၅၀ တို့ကို ကြည့်ရှု စစ်ဆေးပြီး တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ရှာငံမြို့နယ် မြို့ကြီးကျေးရွာအနီးရှိ မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်းလုပ်ငန်း ခွင်သို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ ဆည်မြောင်း ဦးစီးဌာန တည်ဆောက်ရေး(၇)မှ ညွှန်ကြားရေးမှူး ဦးမျိုးထွန်းက တမံအောက်ခြေ ရှင်းလင်းခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ရေလွှဲဥမင် ကျီးကန်းတောင်ဘက်မှ စတင်ဖောက်လုပ်မှုနှင့် ရေသွယ်မြောင်းလမ်းကြောင်း ဖောက်လုပ်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြရာ မန္တလေး တိုင်း ဆည်မြောင်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအေးသိန်း၊ **စာမျက်နှာ ၈ ကော်လံ ၁ သို့ ▲**

ခေါင်းကြီး၊ ဆောင်းပါးအညွှန်း

▶ **တိုင်းတစ်ပါး ဓလေ့စရိုက်အမူအကျင့်များ၊ မြန်မာ့ယဉ်ကျေးမှုနှင့် ဖီလာ ဆန့်ကျင်သည့် ဝတ်စားဆင်ယင်မှုများကို ခေတ်ရေစီးကြောင်းဟု ထင်မှတ် မှားကာ မိမိတို့ လူငယ်ထုအတွင်း စိမ့်ဝင်ပျံ့နှံ့မှုမရှိစေရေး သတိပြုဆင်ခြင် ကြရမည်ဖြစ်သည်။** (ခေါင်းကြီး) (စာမျက်နှာ-၂)

▶ **ရောဝတီတိုင်းသည် နိုင်ငံတော်၏ စပါးကျီဖြစ်ပြီး သားငါးထုတ်လုပ်မှုတွင် လည်း အားထားရသည့်တိုင်းဖြစ်၍ လယ်ယာသားငါး ထွက်ကုန်များကို နှစ်စဉ်တိုးတက်အောင် ထုတ်လုပ်ဆောင်ရွက်လျက်ရှိသည်။**

မိုးထက်မြင့်(မြစ်ဝကျွန်းပေါ်)၏ **“ရွှန်းမြဝေစည် တိုင်းရောဝတီ”**

(ဆောင်းပါး) (စာမျက်နှာ-၃)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၁၅-၃-၂၀၀၆
(ဗုဒ္ဓဟူးနေ့)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

(၆၁) နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် ပေါ်ထွန်းလာရေးအတွက် ပြည်သူတို့နှင့် အတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး၊
၂။ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးအတွက် ကျရာတာဝန်များကို ကျေပွန်စွာထမ်းဆောင်ရေး၊
၃။ နိုင်ငံတော်၏ အန္တရာယ်မှန်သမျှကို ပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းရေး၊
၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ပြည့်ဝသော ခေတ်မီတပ်မတော် တည်ဆောက်ရေး၊

အမျိုးသားယဉ်ကျေးမှု ထိန်းသိမ်းစောင့်ရှောက် စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားအောင် စွမ်းဆောင်

မြန်မာနိုင်ငံသည် ရှေးနှစ်ပေါင်းထောင်ချီ၍ ယဉ်ကျေးမှုဖြစ်တည်ထွန်းကားလာသောနိုင်ငံဖြစ်ပြီး အမျိုးသားယဉ်ကျေးမှု ဓလေ့စရိုက်များကို ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသော နိုင်ငံတစ်နိုင်ငံလည်းဖြစ်သည်။

မျက်မှောက်ကာလတွင် နိုင်ငံတကာ၌ သိပ္ပံနှင့် နည်းပညာရပ်များအရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လျက်ရှိရာ ကမ္ဘာ့နိုင်ငံများအကြားဆက်စပ်ယှက်နွယ်ပြောင်းလဲမှုများ ဖြစ်ထွန်းလျက်ရှိသည်။ ယင်းသို့သောအခြေအနေတွင် ကမ္ဘာ့နိုင်ငံကြီးအချို့က ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ် နိုင်ငံရေးကွန်ယက်ဖြန့်ကြက်နိုင်ရန် နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းလျက်ရှိကြသည်။

ဓနအင်အားနှင့် နည်းပညာစွမ်းအားတွင် အသာစီးရရှိနေသည့် ဖွံ့ဖြိုးပြီးနိုင်ငံအချို့က ဖွံ့ဖြိုးဆဲနိုင်ငံများရှိ လူငယ်များအပေါ် ယဉ်ကျေးမှုလွှမ်းမိုးသည့်နည်းဖြင့် ထိုးဖောက်လာလျက်ရှိသည်။ အဆိုပါ နိုင်ငံကြီးများ၏ တေးဂီတ၊ အဆို၊ အက၊ လူနေမှု ဓလေ့စရိုက်၊ အတွေးအခေါ်၊ အယူအဆများ အတုယူလွှမ်းမိုးလာစေရန် ကြိုးပမ်းလျက်ရှိကြောင်း တွေ့မြင်ကြားသိနေရသည်။

လူငယ်လူရွယ်များအနေဖြင့် မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့လူမှုပတ်ဝန်းကျင်ဓလေ့စရိုက်နှင့် မကိုက်ညီသည့် တိုင်းတစ်ပါး ယဉ်ကျေးမှုများကို အတုယူ မမှားမိစေရန် သတိပြုကြရမည် ဖြစ်သည်။ တိုင်းတစ်ပါးဓလေ့စရိုက် အမူအကျင့်များ၊ မြန်မာ့ယဉ်ကျေးမှုနှင့် ဖီလာဆန့်ကျင်သည့် ဝတ်စားဆင်ယင်မှုများကို ခေတ်ရေစီးကြောင်းဟုထင်မှတ်များကာ မိမိတို့လူငယ်ထုအတွင်း စိမ့်ဝင်ပျံ့နှံ့မှုမရှိစေရေး သတိပြုဆင်ခြင်ကြရမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရက နိုင်ငံနှင့် လူမျိုးဂုဏ်သိက္ခာ ထာဝရမြင့်မားနေစေရန် အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းမြှင့်တင် ပေးလျက်ရှိသည်။ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်စေရန် ထိန်းသိမ်းစောင့်ရှောက်ရေး အစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်က ချမှတ်အကောင်အထည်ဖော်လျက်ရှိသည့် လူမှုရေးဦးတည်ချက်(၄)ရပ်တွင် **တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး** အချက်များကို ထည့်သွင်းထားသည်။

နိုင်ငံတော်က မျိုးဆက်သစ်လူငယ်များအား စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများ အမျိုးသားရေးလမ်းကြောင်းမှန်အတိုင်း ဖြစ်ထွန်းလာစေရန် ကြိုးပမ်းလျက်ရှိရာ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများ နှစ်စဉ်ကျင်းပပေးခြင်းသည် အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။

လူမှုရေးအသင်းအဖွဲ့များက လူမှုရေးဆိုင်ရာသင်တန်းများ၊ ယဉ်ကျေးမှုသင်တန်းများ နှစ်စဉ်ဖွင့်လှစ်ပေးလျက်ရှိသည်။ အမျိုးသမီးကဏ္ဍတွင် ရိုးရာဝတ်စားဆင်ယင်မှုပြိုင်ပွဲများ၊ ပြပွဲများ၊ ဟောပြောပွဲများ စီစဉ်ကျင်းပပေးလျက်ရှိသည်။ ထို့အပြင် အခြေခံပညာကျောင်းများတွင် ဘက်စုံပညာရေးစနစ်အရ ယဉ်ကျေးမှု၊ အနုပညာဆိုင်ရာ လှုပ်ရှားမှုများကို သင်ကြားပို့ချပေးလျက်ရှိသည်။

သို့ဖြစ်ရာ မျိုးဆက်သစ်လူငယ်၊ လူရွယ်များအပါအဝင် ပြည်သူတစ်ရပ်လုံးက နိုင်ငံနှင့် လူမျိုးဂုဏ် ထာဝရမြင့်မားနေစေရေး အတွက် အမျိုးသားယဉ်ကျေးမှုကို ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက် ကြရန်နှင့် တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့် စာရိတ္တမြင့်မားရေး ဂုဏ်ဒြပ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် အစဉ်အလေးထား ထိန်းသိမ်းမြှင့်တင်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

သစ်အခြေခံစက်ရုံ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်၌ ဖွင့်လှစ် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် တက်ရောက်ဖွင့်လှစ်ပေး

ရန်ကုန် မတ် ၁၄

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ယမန်နေ့နံနက်ပိုင်းတွင် ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ် စက်မှုဇုန်(၂)၌ ကျင်းပသည့် မြန်မာကျွန်းသစ်စက်မှု လုပ်ငန်းကုမ္ပဏီလီမိတက်၏ သစ်အခြေခံစက်ရုံဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးသည်။

ရှေးဦးစွာ သစ်တောရေးရာဝန်ကြီးဌာန စီမံကိန်းနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဆွေ၊ မြန်မာ့ သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထွန်း၊ စက်ရုံမန်နေဂျင်းဒါရိုက်တာ ဦးကြည်စိန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဝန်ကြီးက စက်ရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။



ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် စက်ရုံအတွင်းရှိသစ်ခွဲသားများ၊ လွှသွေးစက်ခန်းနှင့် သစ်ခွဲစိတ် လည်ပတ်ပုံအဆင့်ဆင့်တို့ကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် စက်ရုံခန်းမ၌ စက်ရုံမန်နေဂျင်းဒါရိုက်တာ ဦးကြည်စိန်က စက်တည်ဆောက်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ဝန်ကြီးက အမှာစကားပြောကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အဆိုပါ စက်ရုံသည် ကျွန်း၊ ပျဉ်းကတိုး အပါအဝင် အင်၊ ကညင်သစ်များကို အဓိက ခွဲစိတ်၍ ခွဲသားများ၊ ပရိဘောဂများ၊ ပါကေးများ၊ သစ်ပါးလွှာများ ထုတ်လုပ်၍ ပြည်ပသို့တင်ပို့ရောင်းချမည် ဖြစ်သည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ဒဂုံမြို့သစ် ဆိပ်ကမ်းမြို့နယ် စက်မှုဇုန်(၂)ရှိ မြန်မာကျွန်းသစ် စက်မှုလုပ်ငန်းကုမ္ပဏီ လီမိတက်၏ သစ်အခြေခံစက်ရုံအတွင်း ကြည့်ရှုစစ်ဆေးစဉ်။ (သစ်တောရေးရာ)

သဲဖြူ တောရဓမ္မရိပ်သာ တရားစခန်း ကျင်းပမည်

ရန်ကုန် မတ် ၁၄

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် သဲဖြူကျေးရွာရှိ သဲဖြူတောရ ဓမ္မရိပ်သာတွင် မတ် ၁၇ရက်မှ ၂၇ရက်အထိ တရားစခန်း ကျင်းပမည်ဖြစ်ပါ၍ ယောဂီများ ဖုန်း-၆၆၂၈၃၆၊ ၆၆၆၁၆၃၊ ၆၆၇၇၁၆သို့ ဆက်သွယ်စာရင်းပေးနိုင်ပြီး စုရပ်ဖြစ်သည့် အရှေ့ကြို့ကုန်း၊ စွန်းလွန်းဂူကျောင်းတိုက်သို့ မတ် ၁၇ရက် မွန်းလွဲ ၁နာရီခွဲ အရောက်လာကြရန် နှိုးဆော်ထားသည်။ (က-ပ)

လက်ခံရယူ

ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရအိမ်ရာနေ ဦးဝင်းအောင်-ဒေါ်မြရွှေမိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆွမ်း၊ ဆေး၊ ငွေပဒေသာပင် ကျပ်နှစ်သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးတင်မောင်ဝင်း လက်ခံယူစဉ်။ (က-ပ)

ပေးအပ်

ရန်ကုန်တက္ကသိုလ် (ဗိုလ်တထောင်နယ်မြေ) ရူပဗေဒ ကျောင်းသား၊ ကျောင်းသူဟောင်းများ (၁၉၈၄-၈၅)၏ ပထမအကြိမ် အာစရိယပူဇော်ပွဲကို မတ် ၅ ရက်က ရန်ကုန်တက္ကသိုလ်များ ဓမ္မာရုံ၌ ကျင်းပရာ ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများအား ကျောင်းသား၊ ကျောင်းသူဟောင်းများက ကန်တော့ပစ္စည်းများ ပေးအပ်စဉ်။ (က-ပ)

ရွှန်းမြဝေစည် တိုင်းရောဝတီ

မိုးထက်မြင့်(မြစ်ဝကျွန်းပေါ်)

“နုန်းတင်မြေနု၊ ရေချိုထုနှင့်
သီးထပ်စိုက်ပျိုး၊ နွေမိုးဆောင်းဝယ်
ပေါကြွယ်လောင်စာ၊ ရော်ဘာ–ကြက်ဆူ
စီမံမှုချ၊ ဖူလုံမျှရန်
အားထုတ်ဖန်လျက်၊ စိန်မြရံခြယ်
ပင်လယ်ထွက်ကုန်၊ စုံလျက်ပြည့်ဝ
ကမ်းသောင်အလှနှင့်၊ ရှုကြတစ်ခွင်
မြေတွင်စပါး၊ ပေါများဝေဆာ–ပြည့်ဝမ်းစာ
ရေတွင်ပုစွန်ငါး၊ ပေါများစုံစွာ–ပြည့်ရိက္ခာ
ချောင်းမှာတံတား၊ ဆက်သွယ်သွားလာ–ပြည့်လမ်းသာ
ပေါများပြည့်စုံ၊ ကုံလုံပိုလျှံ
အုန်းခြံ မြေပဲ၊ ဂုန်လျှော်လဲမကျန်
ရေနံဓာတ်ငွေ့၊ စုံပေ့တွင်းထွက်
ဂုဏ်တက်ကြိုဆို၊ ကျွန်းညိုအလှ
ရွှန်းမြဝေစည်၊ တိုင်းရောဝတီ”။ ။

စာရေးသူတို့၏ မော်တင်စွန်း ဘုရားဖူးကားလေးသည် ပုသိမ်ဆိပ်ကမ်းတွင် ဆိုက်ကပ်ထားသော နဒီလွင်နှစ်ထပ်သင်္ဘောကြီးပေါ်သို့ မောင်းတက်လိုက်သည်။ မကြာမီသင်္ဘောသည် ငဝန်မြစ်ထဲတွင် တရိပ်ရိပ် တလိမ့်လိမ့် ခုတ်မောင်းနေသည်။ ခရီးသည်များနှင့် မော်တော်ကားများ လိုက်ပါလာကြသည်။ စာရေးသူတို့အဖွဲ့သည် မြန်မာပြည်တောင်ဘက်စွန်း ကပ္ပလီပင်လယ်အော်၏ ပင်လယ်ပြာပြာ၊ မိုးပြာပြာနှင့် မြန်မာ့ပင်လယ် သမုဒ္ဒရာနယ်မြေ၏ သမိုင်းဝင်ဒေသဖြစ်သည့် မော်တင်စွန်းဘုရားပွဲသို့ ရောက်ရပေဦးတော့မည်။

ပုသိမ်ခရိုင် ငပုတောမြို့နယ်တို့ကို ကျော်ဖြတ်၍ ခုတ်မောင်းနေသည်။ အသွားခရီးအပြန်ခရီး တစ်ခေါက်ကို ကိုးနာရီကြာသည်။

မော်တင်စွန်းကို ရောက်ချိန်တွင် ကပ္ပလီပင်လယ်ပြင် မှိုင်းပြာပြာက နေဂရေ(အငူ)ရေချိုးဆိပ် သန္တာကျောက်တန်းများနှင့် ပန်းရလှသည်။ ပင်လယ်လေ၊ ပင်လယ်ဒီလှိုင်းတို့ကို အဖစ်လ်ဂူအာဒါကျောက်တန်းကြီးက ကာဆီးထားသည်။

ရောဝတီတိုင်း ပုသိမ်ခရိုင် ငပုတောမြို့နယ်တောင်ပိုင်းရှိ မဟာမကုဋရုံသီ ဆံတော်ရှင်မြတ်မော်တင်စွန်း စေတီတော်မြတ်ကြီး၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို တပေါင်းလဆန်းတစ်ရက်မှ တပေါင်းလပြည့်နေ့အထိ ၁၅ ရက်တိုင်တိုင် ခြိမ့်ခြိမ့်သဲသဲ စည်ကားသိုက်မြိုက်စွာ ကျင်းပကြသည်။

ဆံတော်ရှင် မြတ်မော်တင်စေတီကို မဟာသက္ကရာဇ် ၁၀၃ခုနှစ် ဝါဆိုလပြည့်နေ့တွင် ဂေါတမမြတ်စွာဘုရား၏ ဆံတော်ဓာတ်ရှစ်ဆူကို ဇေယျသေန နဂါးမင်းသည်ရယူခဲ့ပြီး လူနတ်ဗြဟ္မာသတ္တဝါတို့၏ အကျိုးများဖွယ် ကိုးကွယ်ရာသာဖြစ်သင့်သည်ဟု ကြံစည်ပြီးလျှင် ရှေးအခါ သရနတောင်၊ ယခု မော်တင်တောင်စွန်းကို တွေ့မြင်၍ ဝမ်းသာအားရစွာဖြင့် ထိုမော်တင်တောင်တွင် သမုဒ္ဒရာအတွင်းမှ ထုတ်ယူအပ်သော မြသားရတနာတို့ဖြင့် စိုင်တမော့အရွယ်ရှိ စေတီတော်မြတ်ကို တည်ထားကိုးကွယ်ခဲ့ခြင်းဖြစ်သည်ဟု လေ့လာဖတ်ရှုရသည်။

ဘုရားကြီးပရဝဏ်သည် လျှပ်စစ်မီးထိန်ထိန်ညီးနေသည်။ ဘုရားဖူးများသည် ဘုရားကြီးကုန်းတော်ပေါ်ရှိ ရေကန်ကြီးမှ ရေချိုများမှာယူ၍ ရေချိုးကြသည်။ နေဝင်သောအချိန်တွင် ဘုရားကုန်းတော်ပေါ်သို့တက်၍ ဘုရားဖူးကြသည်။

လူများ၊ နတ်များသာမက နတ်နဂါးတို့ကြည်ညိုပူဇော်ခဲ့သော စေတီဖြစ်ရာ နံနက်နှင့် ညနေချမ်းအချိန်အခါများတွင် ဇေယျသေန နဂါးမင်းအမှူးပြုသော ရေနတ်နဂါးတို့သည် စေတီတော်၏ အနောက်တောင်ဘက်လမ်းမှ ဝတ္ထုပစ္စည်းများယူဆောင်ကာ ပူဇော်မှုပြုခဲ့ကြသဖြင့် ထိုလမ်းကို နဂါးလမ်းဟူ၍လည်းကောင်း၊ ဆင်ဖြူတော်တို့သည် စေတီတော်၏ တောင်ဘက်အရပ်မှတက်၍ ဖူးမြော်ခဲ့ကြသဖြင့် စေတီတော်၏တောင်ဘက်လမ်းကို ဆင်ဖြူတော်လမ်းဟူ၍လည်းကောင်း၊ ဝိဇ္ဇာဓိုရ်ပုဂ္ဂိုလ်တို့သည် ကြည်ညိုသဒ္ဓါ ထက်သန်စွာဖြင့် စေတီတော်၏ အရှေ့တောင်အရပ်မှ တက်ရောက်ဖူးမြော်ခဲ့ကြ၍ စေတီတော်၏ အရှေ့တောင်လမ်းကို ဝိဇ္ဇာဓိုရ်လမ်းဟုလည်းကောင်း ခေါ်တွင်လျက်ရှိကြောင်း လေ့လာသိရှိရသည်။

မြတ်မော်တင်စေတီတော်သို့ ရန်ကုန်မှရေကြောင်းခရီးဖြင့်သွားလျှင် ၂၅၃မိုင်ဝေးကွာကြောင်း သိရှိရသည်။ ရန်ကုန်မြို့ လမ်းသစ်ဆိပ်ကမ်းတံတားမှ လက်မှတ်များဝယ်ယူသွားလာနိုင်သည်။ ပုသိမ်မှလည်း လူများ၊ ကားများကို သင်္ဘောကြီးများနှင့် တင်သည်။ ခမောက်မော်ရွာသို့ကပ်သော ဆိပ်ကမ်းရှိသည်။ ရန်ကုန်၊ မအူပင်၊ ဝါးခယ်မ၊ ပုသိမ်၊ ငပုတော၊ ခမောက်မော်ခရီးစဉ်ကို ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ ရေယာဉ်များနှင့် ပို့ဆောင်ပေးနေသည်။

၂၀၀၆ခုနှစ် ဇန်နဝါရီလ၃၀ရက်နေ့တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ပုသိမ်မြို့ရှိ အနောက်တောင်တိုင်း စစ်ဌာနချုပ်ဧည့်ရိပ်သာ၌ တာဝန်ရှိသူများအား တွေ့ဆုံ၍ လမ်းညွှန်မှာကြားခဲ့သည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လမ်းညွှန်မှာကြားရာတွင်–

ရောဝတီတိုင်းသည် စိုက်ပျိုးရေးနှင့်ပတ်သက်၍ နိုင်ငံတော်က အားထားရသည့်တိုင်းဖြစ်ကြောင်း၊ ရောဝတီတိုင်း၏ စိုက်ပျိုးမှု ကောင်းလျှင် ကောင်းသလို၊ စိုက်ပျိုးရေးလုပ်ငန်းတိုးတက်လျှင် တိုးတက်သလို နိုင်ငံတော်၏ စီးပွားဖွံ့ဖြိုးတိုးတက်မှုကို ထိရောက်စွာ အထောက်အကူပြုလျက်ရှိကြောင်း။

ရောဝတီတိုင်း၏ မိုးစပါးစိုက်ပျိုးမှု တစ်ခုတည်းကိုပင် ကြည့်ပါက ဧက ၃၆ သိန်းကျော်ရှိသဖြင့် တစ်နိုင်ငံလုံး မိုးစပါးစိုက်ပျိုးမှု၏ ၂၅ရာခိုင်နှုန်းကျော်ခန့် ရှိနေကြောင်း၊ ထို့ကြောင့် ရောဝတီတိုင်းအနေဖြင့် မိမိ၏ စိုက်ပျိုးထုတ်လုပ်မှုကို မြင့်မားတိုးတက်နေအောင် အမြဲတမ်းအားထုတ်ကြိုးပမ်းနေရန်လိုကြောင်း။

ယခုအခါ ခြံစည်းရိုးကြက်ဆူပင်မှနေ၍ ဒီဇယ်ဆီအစားထိုး သုံးစွဲနိုင်သည့် ဇီဝဒီဇယ်ဆီကို လွယ်လွယ်ကူကူ ထုတ်လုပ် အသုံးပြုနိုင်ပြီဖြစ်၍ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ခြံစည်းရိုးကြက်ဆူပင် များကို အောင်မြင်အောင် ဖိဖိစီးစီး တိုးချဲ့စိုက်ပျိုးသွားကြရမှာ ဖြစ်ကြောင်း၊ နောင်တစ်နှစ်ကျော် နှစ်နှစ်ခန့်ဆိုလျှင် မိမိတို့ ပြည်တွင်းမှ စိုက်ပျိုးထုတ်လုပ်သော ဇီဝဒီဇယ်ဖြင့် သီးထပ်စိုက်ပျိုးရေးကို အပြည့်အဝ လုပ်ကိုင်နိုင်တော့မည် ဖြစ်ကြောင်း။

တစ်ချိန်တည်းမှာပင် မိမိတို့နိုင်ငံ၏ ပေါကြွယ်ဝသော မြေသယံဇာတများကို အပြည့်အဝဖော်ထုတ် အသုံးချနိုင်အောင် ကြိုးပမ်းကြရန်လိုကြောင်း၊ သီးနှံစိုက်ဧကတိုးချဲ့ခြင်း၊ သီးနှံအလိုက် တစ်ဧကအထွက်နှုန်း တိုးတက်စေခြင်း၊ သီးထပ်စိုက်စွမ်းအား မြှင့်တင်ခြင်းတို့ဖြင့် လယ်ယာကုန်ထုတ်လုပ်မှု အခြေအနေကို တိုးတက်သည်ထက် တိုးတက်အောင် လုပ်ကိုင်သွားကြရမှာ ဖြစ်ကြောင်း”

လမ်းညွှန်မှာကြားခဲ့သည်။

ရောဝတီတိုင်းတွင် ငါးမွေးမြူရေးကန် ဧက၈၆၀၀၀ရှိပြီး ဧကတစ်သိန်းပြည့်အောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်နေလေသည်။ ဘဲနှင့် ဒေသကြက် မွေးမြူရေး လုပ်ငန်းများကိုလည်း တိုးတက်မွေးမြူဆောင်ရွက်လျက်ရှိသည်။

ရောဝတီတိုင်းအတွင်း ရော်ဘာဧကတစ်သိန်း စိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိသည်။ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်းက ပုသိမ်မြို့နယ်နှင့် မြောင်းမြမြို့နယ်တို့၌ ရော်ဘာမျိုးသန့်စေ့လေးသိန်း၊ ပျိုးပင် နှစ်သိန်း စိုက်ပျိုးရန်အတွက်လည်း ဆောင်ရွက်နေကြသည်။ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ အကျဉ်းဦးစီးဌာန၊ တပ်ရင်းတပ်ဖွဲ့များ၊ မြောင်းမြခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့က ရော်ဘာမျိုးသန့်စေ့ ၁၆၂၀၀၀၀ ရရှိပြီး ပျိုးပင် ၈၄၀၀၀၀ စိုက်ပျိုးလျက်ရှိသည်။ စူပရင်းကုမ္ပဏီ၊ မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်၊ ဟွန်ဒါမြန်မာကုမ္ပဏီနှင့် ပုဂ္ဂလိက လုပ်ငန်းရှင်များက ရော်ဘာမျိုးသန့်စေ့ ၁၂၃၅၀၀၀ရရှိပြီး ပျိုးပင် ၆၃၀၀၀၀ စိုက်ပျိုးလျက်ရှိသည်။ စုစုပေါင်းရော်ဘာမျိုးသန့်စေ့ ၂၈၅၅၀၀၀ ရရှိပြီး ပျိုးပင် ၁၄၇၀၀၀၀ကို စီစဉ်စိုက်ပျိုးလျက် ရှိကြောင်း လေ့လာ သိရှိရသည်။ ထို့နောက် တပ်ရင်း၊ တပ်ဖွဲ့အလိုက် လေးမျက်နှာမြို့နယ်ရှိ ချင်းလယ်၊ မြောင်းမြမြို့နယ်ရှိ သိလ္လာနှင့် ပုသိမ်မြို့နယ်ရှိ စိန်တောင် တို့တွင် စိုက်ပျိုးရန်အတွက် မျိုးသန့် ရော်ဘာစေ့ ၅၂၀၀၀၀ရရှိပြီး ရော်ဘာပျိုးပင် ၂၈၀၀၀၀ စိုက်ပျိုးရန် စီစဉ်ဆောင်ရွက်နေကြောင်း သိရသည်။

စာရေးသူတို့ကားလေးသည် ပုသိမ်–ဒါးက၊ အိမ်မဲ–မြောင်းမြကားလမ်းအတိုင်း မောင်းနှင်လာခဲ့ရာ ခရီးမိုင် ၆၅မိုင်ရှိပြီး ပမ္မဝတီမြစ်ကူးတံတား(မြင်းကဆိပ်)ပြီးစီးသွား၍ ပုသိမ်–ကံကုန်း–မြင်းကဆိပ်–မြောင်းမြဖြတ်လမ်းဖြင့်သွားပါက ခရီးမိုင် ၃၂မိုင်သာရှိမည်ဖြစ်သဖြင့် ခရီးမိုင် ၃၃မိုင် တိုတောင်းသက်သာမည်ဖြစ်ကြောင်း လေ့လာသိရှိရသည်။

ပမ္မဝတီမြစ်ကူးတံတား (မြင်းကဆိပ်)သည် အရှည်ပေ ၁၂၆၀ ရှိ ဘေလီသံပေါင်ကြိုးတံတား အမျိုးအစား ဖြစ်သည်။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားတည်ဆောက်ရေးစီမံကိန်း အထူးအဖွဲ့(၅)က တာဝန်ယူ တည်ဆောက်ခြင်းဖြစ်သည်။

ဟိုင်းကြီးကျွန်းဒေသသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၊ ပင်လယ်ကမ်းနီးကမ်းဝေး ငါးဖမ်းလုပ်ငန်း၊ ဆားလုပ်ငန်း၊ မီးသွေးဖုတ်ခြင်းလုပ်ငန်း၊ ဓနိလုပ်ငန်းများဖြင့် စီးပွားရေးကောင်းမွန်သော ဒေသဖြစ်သည်။ သမီးလုကျွန်း ဒေသသည် မီးပြတိုက်ရှိ၍ အာဆီယံ၁၀နိုင်ငံ၏ လိပ်မွေးမြူရေး အဖွဲ့ဝင် ကျွန်းတစ်ကျွန်းဖြစ်သည်။ လိပ်များကိုတံဆိပ်ခတ်နှိပ်၍ နှစ်ရှည်စီမံကိန်းချ မွေးမြူလျက်ရှိသည်။

ရောဝတီတိုင်းအနေဖြင့် ၂၀၀၄–၂၀၀၅ ခုနှစ်တွင် စီးပွားရေးကဏ္ဍအသီးသီးအနက် လယ်ယာကဏ္ဍသည် အသားတင်ထုတ်လုပ်မှုတန်ဖိုး၏ ၅၀ ဒသမ ၅ ရာခိုင်နှုန်းရှိသည်။ မွေးမြူထုတ်လုပ်ရေးသည် အသားတင်ထုတ်လုပ်မှုတန်ဖိုး၏ ၁၂ ဒသမ ၃ ရာခိုင်နှုန်း ပါဝင်လျက်ရှိသည်။

နိုင်ငံတော်၏ စီမံအားပေးမှုအရ စပါးအပါအဝင် သီးနှံများကို တိုးချဲ့စိုက်ပျိုးလျက်ရှိရာတွင် ရောဝတီတိုင်းအနေဖြင့် ၂၀၀၄–၂၀၀၅ ယခင်နှစ်က မိုးစပါး၊ နွေစပါး စုစုပေါင်းဧက ၄၅ ဒသမ ၅ သိန်းကျော်၊ ပဲမျိုးစုံဧက ၁၅ ဒသမ ၂၈ သိန်းကျော် ဆီထွက်သီးနှံဧက ၃ဒသမ၉၇သိန်းနှင့် ပြောင်းသီးနှံ ၁ ဒသမ ၅သိန်းကျော် စိုက်ပျိုးနိုင်ခဲ့သည်။

လယ်ယာကဏ္ဍနည်းတူ မွေးမြူရေးကဏ္ဍကို တိုးချဲ့လျက်ရှိရာတွင် ရောဝတီတိုင်းအတွင်း ၂၀၀၄–၂၀၀၅ ယခင်နှစ်အထိ ငါး၊ပုစွန် စုစုပေါင်းဧက ၁၆၆၃၃၆ ကျော်မွေးမြူထားပြီးဖြစ်သည်။ သဘာဝ ငါး၊ ပုစွန်လျော့ပါးမှုကို ပြန်လည်ဖြည့်တင်းပေးနိုင်ရန် ရောဝတီတိုင်းအတွင်း မြစ်ချောင်း၊ အင်းအိုင် ရေပြင်များ၊ စပါးခင်းများတွင် ငါးသားပေါက်များ ထည့်သွင်းမွေးမြူထားသည်။

ယခုကဲ့သို့ ရောဝတီတိုင်း ဘက်စုံဖွံ့ဖြိုးတိုးတက်မှုများသည် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုများအပေါ် ဒေသဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းအဆင့်ဆင့်၏ စီမံကြိုးပမ်းအားထုတ်မှု၊ ဌာနဆိုင်ရာများ၏ ပူးပေါင်းဆောင်ရွက်မှု၊သီးနှံထူးချွန်ဆုရ တောင်သူလယ်သမားများ အပါအဝင် ဒေသခံပြည်သူများ၏ ကြိုးပမ်းဆောင်ရွက်မှုနှင့် တိုင်းအတွင်း လာရောက်လုပ်ကိုင်နေကြသည့် တိုင်းရင်းသားလုပ်ငန်းရှင်များ၏ စေတနာ အပြည့်အဝ ဖြင့် ပူးပေါင်းဆောင်ရွက်မှုများကြောင့် ဖြစ်သည်။

ရောဝတီတိုင်းသည် နိုင်ငံတော်၏စပါးကျီဖြစ်ပြီး သားငါးထုတ်လုပ်မှုတွင်လည်း အားထားရသည့် တိုင်းဖြစ်၍ လယ်ယာသားငါးထွက်ကုန်များကို နှစ်စဉ်တိုးတက်အောင် ထုတ်လုပ်ဆောင်ရွက်လျက်ရှိသည်။ ၂၀၀၅–၂၀၀၆ခုနှစ်တွင် မိုးစပါးဧက ၃၆သိန်းစိုက်ပျိုးနိုင်ခဲ့ပြီး လာမည့်နှစ်တွင် ဧကတစ်သိန်း ထပ်တိုး၍ ဧက ၃၇ သိန်း စိုက်ပျိုးနိုင်ရေးအတွက် စီမံချက်ရေးဆွဲပြီး အားလုံးဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်နေသည်မှာ အားတက်ဖွယ်ဖြစ်သည်။

နိုင်ငံတော်က သတ်မှတ်ပေးထားသည့် အဓိကသီးနှံ ၁၀ မျိုး၊ နှစ်ရှည်ပင် သုံးမျိုး၊ အမယ်သစ်(အမည်သစ်) သုံးမျိုးကို တိုးတက်စိုက်ပျိုးလျက်ရှိသည်။ အထူးသဖြင့် ကျေးလက်နေပြည်သူများအတွက်သာမက နိုင်ငံတော်အတွက်ပါ အကျိုးရှိမည့် ဇီဝဒီဇယ်ဆီ ထုတ်လုပ်နိုင် သည့် ခြံစည်းရိုးကြက်ဆူပင်များကို သုံးနှစ်အတွင်း စိုက်ဧက ငါးသိန်းပြည့်မီအောင် စိုက်ပျိုးရေးအတွက် ဝီရိယစိုက်ထုတ် ဆောင်ရွက်နေကြသည်။

ယခုကဲ့သို့ ရောဝတီတိုင်း ဘက်စုံဖွံ့ဖြိုးတိုးတက်မှုများသည် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုများအပေါ် ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းအဆင့်ဆင့်၏ စီမံကြိုးပမ်းအားထုတ်မှု၊ ဌာနဆိုင်ရာများ၏ ပူးပေါင်းဆောင်ရွက်မှု၊ သီးနှံထူးချွန်ဆုရ တောင်သူလယ်သမားများ အပါအဝင် ဒေသခံပြည်သူများ၏ ကြိုးပမ်းဆောင်ရွက်မှုနှင့် တိုင်းအတွင်းလာရောက် လုပ်ကိုင်နေကြသည့် တိုင်းရင်းသားလုပ်ငန်းရှင်များ၏ စေတနာအပြည့်အဝဖြင့် ပူးပေါင်းဆောင်ရွက်မှုများကြောင့် ဖြစ်သည်။

ကျေးရွာများတွင်လည်းကောင်း၊ ဥယျာဉ်ခြံများတွင်လည်းကောင်း၊ ခြံစည်းရိုးအဖြစ် စိုက်ပျိုးရန်နှင့် မြေအလုံအလောက်ရှိသည့်နေရာများတွင် စိုက်ခင်းကြီးများထူထောင်၍ သိပ္ပံနည်းကျ စိုက်ပျိုးရေးအတွက် ပညာပေးစည်းရုံးမှုများ၊ ပံ့ပိုးမှုများကို တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးနေကြသည်။

ပုသိမ်မြို့နယ်တွင် ခြံစည်းရိုးကြက်ဆူပင်မျိုးစေ့ ၁၂၀၀၀ ပျိုးထောင်ထားမှု၊ ပျိုးကိုင်း ၁၀၀၀၀ ပျိုးထောင်ထားမှု၊ ပျိုးကိုင်းစိုက်ခင်း နှစ်ဧကစိုက်ပျိုးထားမှုနှင့် ပျိုးကိုင်းပျိုးထောင်ရန် ပျိုးအိတ်အတွင်း ထည့်သွင်းထားရှိမှုများကိုလည်း လေ့လာခဲ့ရသည်။

ခြံစည်းရိုးကြက်ဆူပင်မှ ထုတ်လုပ်သည့် ဇီဝဒီဇယ်ဆီကို လက်တွန်းထွန်စက်၊ ရေတင်စက်၊ အသေးစား လျှပ်စစ်ဓာတ်အားပေးစက်နှင့် ထော်လာဂျီတို့တွင် စက်မောင်းဆီအဖြစ် အသုံးပြုနိုင်သည်။ ကြက်ဆူစေ့ကြိတ်ဖတ်များကိုလည်း မြေဩဇာအဖြစ် အသုံးပြုနိုင်သည်။ ကုန်ကျစရိတ်သက်သာစွာဖြင့် စိုက်ပျိုးနိုင်ပြီး အပင် ၁၂၀၀ လျှင် တစ်ဧကနှုန်းဖြင့် စိုက်ပျိုးပါက ဒီဇယ်ဆီ ၇၃ ဂါလန်မှ ဂါလန် ၁၀၀အထိ ရရှိနိုင်သည်။ သဘာဝမြေဩဇာ တစ်တန်ခန့်ကိုလည်းရရှိပြီး တစ်ဧကလျှင် ခြံစည်းရိုးကြက်ဆူစေ့နှစ်တန် ထွက်ရှိသည်။

ခြံစည်းရိုးကြက်ဆူပင်ကို တိုင်း၊ ခရိုင်၊ မြို့နယ်အလိုက် သတ်မှတ်ပေးထားသည့် စီမံချက်များနှင့်အညီ စိုက်ပျိုးလုပ်ကိုင်နေကြပြီဖြစ်သည်။

သို့ဖြစ်ရာ စိုက်ပျိုးရေးကဏ္ဍနှင့် သားငါးကဏ္ဍတွင် နိုင်ငံတော်က အားထားရသည့် ရောဝတီတိုင်းမှ ဒေသခံတိုင်းရင်းသားပြည်သူတို့၏ စိုက်ပျိုးထုတ်လုပ်မှုစွမ်းအား မြင့်မားအောင် ကြိုးပမ်းအားထုတ်နေပုံများကို လေ့လာတင်ပြလိုက်ရပါသည်။ ။

ဂွာတာနာမိုအကျဉ်းစခန်း ပိတ်ပစ်ရေးအတွက် အမေရိကန်က ဗြိတိန်ထံမှ အကြံဉာဏ်တောင်းခံ

လန်ဒန် မတ် ၁၃

အယ်လ်–ခိုင်ဒါအကြမ်းဖက် ကွန်ရက်၏အဖွဲ့ဝင်များအဖြစ် စွပ်စွဲခံထားရပြီး ရာချီရှိသည့် အကြမ်းဖက်တိုက်ခိုက်သူများကို ၎င်းတို့၏ဌာနေသို့ မည်သို့မည်ပုံ ပို့ပေးပြီး ဂွာတာနာမိုအကျဉ်းစခန်းကို မည်သို့မည်ပုံ ပိတ်ပစ်မည်နည်းဟု အမေရိကန်အစိုးရက ဗြိတိန်အစိုးရထံ အကြံဉာဏ်တောင်းခံထားကြောင်း "သည်အင်ဒီပင်းဒင့်" သတင်းစာက တနင်္ဂနွေနေ့တွင် ရေးသားလိုက်သည်။

ဆော်ဒီအာရေဗျ၊ အယ်လ်ဂျီးရီးယားနှင့် ပါကစ္စတန်နိုင်ငံတို့မှ အကြမ်းဖက်သမားဟု အစွပ်စွဲ ခံထားရသူများကို မည်သို့မည်ပုံ ကိုင်တွယ်ရမည်နှင့် ပတ်သက်၍ သမ္မတဘုရှ်အစိုးရအဖွဲ့မှ အထက်တန်းတာဝန်ရှိ ပုဂ္ဂိုလ်များက ဗြိတိန်အစိုးရထံမှ အကြံဉာဏ်တောင်းခံထားသည်ဟု သတင်းစာက ရေးသားသည်။

သုံးနှစ်ကြာ

အကြမ်းဖက်တိုက်ခိုက်သူများနှင့် တာလီဘန်ပြောက်ကျားများဟု စွပ်စွဲခံထားရသူ ၅၀၀ ခန့်ကို ဂွာတာနာမိုအကျဉ်းစခန်းတွင် ထိန်းသိမ်းထားလျက်ရှိပြီး ၎င်းတို့အတွင်းတွင် ဗြိတိန်နိုင်ငံသား ငါးဦးထက်မနည်းလည်း ပါဝင်နေသည်။ အကျဉ်းသားအများစုမှာ ယင်းစခန်းတွင် သုံးနှစ်ကြာထိန်းသိမ်းခံခဲ့ရသူများ ဖြစ်သည်။

ကမ္ဘာတစ်ဝန်းရှိ အဖွဲ့အစည်းပေါင်းစုံအနေဖြင့် အမေရိကန်က စွဲချက်မတင်ဘဲ ရက်အကန့်အသတ်မရှိ အကျဉ်းသားများကို ချုပ်နှောင်ထားမှုအပေါ် ရှုတ်ချပြောကြားကြပြီး ဂွာတာနာမိုအကျဉ်းစခန်းကို အမြန်ဆုံးပိတ်ပစ်ရန် ဆန္ဒရှိနေကြသည်။

ဗြိတိန်နိုင်ငံမှ ပြန်လွှတ်ပေးလိုက်သည့် အကြမ်းဖက်သမားအဖြစ် သင်္ကာမကင်းဖြစ်ရသူများကို နှိပ်စက်ညှဉ်းပန်းမှု မပြုလုပ်ရန် ကတိကဝတ်ပြုထားသည့် သဘောတူညီချက်တစ်ရပ်ကို ဗြိတိန်အစိုးရက လက်ဘနွန်၊ ဂျော်ဒန်နှင့် လစ်ဗျား အစိုးရတို့နှင့် လက်မှတ်ရေးထိုးထားခဲ့သည်ဟု သတင်းစာတွင် ဆက်လက်ရေးသားထားသည်။ အကျဉ်းသားများကို ဌာနေပြန်ပို့သည့် အစီအစဉ်သည် လာမည့် ရက်သတ္တပတ်များအတွင်း စတင်ဖော်ဆောင်တော့မည်ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ဂျပန်နိုင်ငံ မြို့တော်တိုကျိုအရှေ့ဘက် ချီဘူးမြို့တွင်ကျင်းပသော နိုင်ငံတကာ စားသောက်ကုန်နှင့် အဖျော်ယမကာပြပွဲ၌ ဧည့်ပရိသတ်များ လေ့လာကြည့်ရှုနေကြသည်ကို မတ် ၁၄ရက်က တွေ့ရသည်။

(ဓာတ်ပုံ–အင်တာနက်)

စကော့တလန်၌ နှင်းထုထပ်စွာကျဆင်း၊ လေပြင်းတိုက်ခတ်

လန်ဒန် မတ် ၁၃

စကော့တလန်နှင့် အင်္ဂလန် မြောက်ပိုင်းဒေသတို့တွင် နှင်းထုထပ်သိပ်သည်းစွာကျဆင်းပြီး လေအပြင်းအထန်တိုက်ခတ်မှုကြောင့် ကားမောင်းနှင်ရာတွင် အန္တရာယ်ရှိနိုင်သည့် အခြေအနေများ ပေါ်ပေါက်လာနိုင်သဖြင့် မိုးလေဝသဌာနက ရာသီဥတုဆိုးရွားကြောင်း ဖော်ပြသည့်သတိပေးချက်တစ်ရပ်ကို တနင်္ဂနွေနေ့က ထုတ်ပြန်လိုက်သည်။

စနေနေ့ညတွင် နှင်းမုန်တိုင်းတိုက်ခတ်ခဲ့သဖြင့် အီဒင်ဘာနှင့်ဂလပ်စဂိုလေဆိပ်များကို မကြာမီက ပြန်လည်ဖွင့်လှစ်ရာမှ နောက်ထပ်ပြန်ပိတ်လိုက်ရသည်။

အဆိုပါ လေဆိပ်များတွင် လေယာဉ်ခရီးစဉ်များနောက်ကျမှုများ ဖြစ်ပွားနေသဖြင့် လေဆိပ်မှ မထွက်ခွာမီ လေကြောင်းခရီးစဉ်များကို စစ်ဆေးကြရန် လေဆိပ်အာဏာပိုင်အဖွဲ့က ခရီးသည်များကို မေတ္တာရပ်ခံထားသည်ဟု လေဆိပ်အာဏာပိုင်အဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အင်အားပြင်းထန်သည့် အရှေ့တောင်လေ ဆက်လက်တိုက်ခတ်နိုင်သဖြင့် နှင်းများကျဆင်းလာနိုင်ပြီး ပြည်သူများအနေဖြင့် လမ်းမတော်တဆမှုများ မဖြစ်ပွားစေရန် ဂရုထားကြရန် မိုးလေဝသရုံးက နှိုးဆော်ထားသည်။

စကော့တလန်ဒေသရှိ အိမ်ခြေ ၅၀၀၀ တို့တွင် မီးမရှိဘဲနေထိုင်ကြရသည်ဟု ဘီဘီစီရေဒီယိုက ပြောကြားသည်။ သို့ရာတွင် မီးပြတ်သည့်နေ့၏ ညပိုင်းတွင် လျှပ်စစ်ဓာတ်အားပြန်လည်ရရှိမည်ဟု ယင်းရေဒီယိုက စကော့တလန်မှ လျှပ်စစ်ဓာတ်အားပေး ဌာနကို ကိုးကား၍ ပြောကြားသည်။ အင်္ဂလန်ဒေသ၏ မြောက်ပိုင်းဒေသများတွင် ဆီးနှင်းဆက်လက်ကျဆင်းနေသည်။ သို့ရာတွင် အလယ်ပိုင်းနှင့်အရှေ့ပိုင်းဒေသများမှာ ခြောက်သွေ့ကာ အေးမြနေသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အီရတ်တွင် သေဆုံးသည့် ကန်တပ်ဖွဲ့ဝင်ဦးရေ မတ် ၁၃ရက်အထိ ၂၃၀၈ဦး ရှိပြီ

ဝါရှင်တန် မတ် ၁၃

အီရတ်နိုင်ငံကို အမေရိကန်ဦးဆောင်သော အပေါင်းပါတပ်ဖွဲ့များ ဝင်ရောက်ကျူးကျော်တိုက်ခိုက်သည့် ၂၀၀၃ခုနှစ် မတ်လမှ ၂၀၀၆ခုနှစ် မတ် ၁၃ရက်အထိကာလအတွင်း အီရတ်တွင် အသက်ဆုံးရှုံးသွားသော အမေရိကန်တပ်ဖွဲ့ဝင် စုစုပေါင်း ၂၃၀၈ဦးရှိပြီဖြစ်ကြောင်း အေပီသတင်းဌာန၏ စာရင်းအရ သိရသည်။

ထိုစာရင်း၌ စစ်ဘက်တာဝန်ထမ်းဆောင်ရင်း သေဆုံးသွားရသော အရပ်သားဝန်ထမ်း ခုနစ်ဦး၏စာရင်းလည်း ပါဝင်သည်။ စုစုပေါင်းသေဆုံးစာရင်းအနက် ၁၈၀၈ဦးမှာ ခုခံတိုက်မှုများကြောင့် သေဆုံးရခြင်းဖြစ်ကြောင်း စစ်ဘက် ထုတ်ပြန်ချက်များက ဖော်ပြသည်။ အေပီသတင်းဌာန၏ သေဆုံးစာရင်းသည် အမေရိကန် သေဆုံးစာရင်းနှင့်နှိုင်းယှဉ်လျှင် တစ်ဦး ပိုမိုလျော့နည်းနေသည်။ ***အင်တာနက်။***

အာဖဂန်နစ္စတန်နိုင်ငံ နန်ဂါဟာပြည်နယ် ရှင်ဝါခရိုင်တွင် စိုက်ပျိုးထားသော ဘိန်းခင်းများကို လယ်ထွန်စက်ဖြင့် ဖျက်ဆီးနေသည်ကို မတ် ၁၂ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)



မန်ချက်စတာမြို့ ဘီယာဆိုင်၌ ပစ်ခတ်မှုဖြစ်ပွား

လန်ဒန် မတ် ၁၃

ဗြိတိန်နိုင်ငံ မန်ချက်စတာဒေသရှိ ဘီယာဆိုင်တွင် တနင်္ဂနွေနေ့က ပစ်ခတ်မှုဖြစ်ပွားရာ လူနှစ်ဦး သေဆုံးပြီး အခြားလူနှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အဆိုပါ ဘီယာဆိုင်တွင် နံနက်လင်းအားကြီး ၂နာရီ ခွဲခန့်က ပစ်ခတ်မှုများဖြစ်ပွားပြီး သည့်နောက် ရဲတပ်ဖွဲ့က အခင်းဖြစ်ပွားရာသို့ သွားရောက်ခဲ့သည်ဟု မန်ချက်စတာ ရဲတပ်ဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ထိန်းသိမ်းစောင့်ရှောက်မှု မရှိပါက အင်ဒိုနီးရှားသစ်တောများ ပျောက်ကွယ်နိုင်

ဂျကာတာ မတ် ၁၃

အင်ဒိုနီးရှားအစိုးရက အင်ဒိုနီးရှားနိုင်ငံရှိသစ်တောများကို ကာကွယ် စောင့်ရှောက်ရာတွင် အရေးတယူကြိုးပမ်းမှု မပြုလုပ်ခဲ့ပါက ယင်းသစ်တော များသည် ၁၅နှစ်အတွင်း ပျောက်ကွယ်သွားနိုင်ကြောင်း အမျိုးသား အစိမ်းရောင်ကျွန်းကော်မတီဥက္ကဋ္ဌဖြစ်သူ အာရီဆူဒါဆိုနိုက တနင်္ဂနွေနေ့တွင် ပြောကြားသည်။

ဖော်ပြ

အင်ဒိုနီးရှားသစ်တောမှ သစ်တောဟက်တာ ၂ဒသမ၈သန်း နှစ်စဉ် ပျက်စီးဆုံးရှုံးလျက်ရှိရာ လာမည့် ၁၅နှစ်အတွင်း မျိုးသုဉ်းတော့မည်ဟု ဆူဒါဆိုနို၏သတင်းလွှာကိုကိုးကား၍ အင်တာရာသတင်းဌာနက ဖော်ပြသည်။

၂၀၀၀–၂၀၀၅ ခုနှစ်အတွင်း အင်ဒိုနီးရှားနိုင်ငံတွင် သစ်တောဟက်တာ ၁၂၀ ဒသမ ၃ သန်းရှိခဲ့ရာမှ ဟက်တာ ၅၉ ဒသမ ၂ သန်း ပျက်စီးဆုံးရှုံးရသည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

သစ်တောများပျက်စီးပြုန်းတီးကုန်ပါက ရေလျှံမှု၊ မြေပြိုကျမှုနှင့်မိုးခေါင်မှု ကဲ့သို့သော သဘာဝဘေးအန္တရာယ်ဖြစ်ရပ်များနေရာတိုင်းတွင် ပေါ်ပေါက်လာနိုင်သည်ဟု ၎င်းကထပ်လောင်းပြောကြားသည်။

ပြောကြား

သစ်တောများပျက်စီးခြင်းကြောင့် အင်ဒိုနီးရှားရှိ သစ်ပင်မျိုးစိတ်ပေါင်း ၂၇၀၀၀၊ ၎က်မျိုးစိတ်ပေါင်း ၁၅၃၉ မျိုး၊ နို့တိုက်သတ္တဝါမျိုးစိတ်ပေါင်း ၅၁၅ မျိုးနှင့် ကုန်းနေရေနေသတ္တဝါမျိုးစိတ် ၂၇၀ တို့ မျိုးတုံးပျောက်ကွယ်သွားနိုင်သည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ထို့ကြောင့် ၎င်းကော်မတီက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း စောင့်ရှောက်ရေး လှုပ်ရှားမှုများကို အားကစား၊ အနုပညာနှင့်ယဉ်ကျေးမှုဆိုင်ရာ ကပွဲများ ကျင်းပပြီး စတင်စည်းရုံးလှုံ့ဆော်သွားမည်ဟု ဆူဒါဆိုဒိုက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ယှဉ်ပြိုင်

ဘူလ်ဂေးရီးယားနိုင်ငံ၌ကျင်းပသည့် ရိုးရာမြင်းပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်နေသူတစ်ဦးကို မတ် ၁၁ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

တရုတ်နိုင်ငံ၏ ရှေးဟောင်းပစ္စည်းများကို ပြည်ပနိုင်ငံသားများ ခိုးယူနေဟုဆို

ပေကျင်း မတ် ၁၄

ပြည်ပနိုင်ငံများသည် တရုတ်နိုင်ငံမှ ယဉ်ကျေးမှုအမွေအနှစ်ပစ္စည်းများကို ခိုးယူနေကြပြီး တရုတ်နိုင်ငံ လူမျိုးစုငယ်များ နေထိုင်ရာဒေသများမှ ရိုးရာဝတ်စုံများ၊ လက်ဝတ်ရတနာများ၊ ရှားပါးအိမ်သုံးပစ္စည်းများနှင့် အခြားပစ္စည်းများကိုလည်း အလစ်သုတ်ကာ ထွက်ခွာသွားကြကြောင်း နိုင်ငံတော်သတင်းစာတစ်စောင်က တနင်္လာနေ့တွင် ရေးသားခဲ့သည်။

ရေးသား

၎င်းတို့ခိုးယူသည့် ပစ္စည်းများမှ အကျိုးအမြတ် များစွာရရှိသဖြင့် အချို့သော လူတို့က တရုတ်နိုင်ငံသို့ ရိုးရာယဉ်ကျေးမှု လေ့လာရန် သွားရောက်မည်ဟုပင် ပြောကြားလာသည်ဟု ဖော်ပြပါသတင်းစာက တရုတ်ယဉ်ကျေးမှု ဒုတိယဝန်ကြီး ဇူလက်ပင်ကို ကိုးကား၍ ရေးသားသည်။

ဖော်ပြပါ လူမျိုးစုငယ်များနေထိုင်သည့်ဒေသမှာ မီအာအိုဒေသဖြစ်ပြီး တရုတ်နိုင်ငံ၏ အနောက်တောင်ပိုင်းဒေသ ကွေကျိုးပြည်နယ်၌ ရှိသည်။ အဆိုပါဒေသသို့ နိုင်ငံသားများ လာရောက်ပြီး တရုတ်ရိုးရာဝတ်စုံနှင့် လက်ဝတ်လက်စားများကို ခိုးယူနေသည့် ဒေသဖြစ်သည်။

ပြသထား

အဆိုပါ သတင်းစာက မည်သည့်နိုင်ငံမှ နိုင်ငံသားများ လာရောက်ယူငင်နေသည်ဟု ထုတ်ဖော်ရေးသားခြင်းမရှိသော်လည်း မီအာအိုဒေသမှ ရှေးဟောင်းပစ္စည်းများကို ပြသထားသည့် ပြင်သစ်မှ ပုဂ္ဂလိကပြတိုက်တစ်ခုကို ရည်ညွှန်း၍ ရေးသားခြင်းဖြစ်သည်။

ကြားပွဲစားများကအဆိုပါပစ္စည်းများကို မဆိုစလောက်ဈေးပေး၍ ဝယ်ခဲ့သည်။ သို့ရာတွင် မီအာအိုဒေသမှ ဆင်းရဲနွမ်းပါးသူများက မြက်မြက်လေး ရလိုက်သည်ဟု အထင်ရှိကာ ရောင်းချရာမှ ပြည်ပနိုင်ငံသားများက ယင်းပစ္စည်းများကို နိုင်ငံအပြင်ဘက်သို့ ထုတ်ယူသွားခြင်းဖြစ်သည်ဟု သတင်းစာက ဆက်လက်ရေးသားသည်။

ပြောကြား

ယဉ်ကျေးမှု ရတနာပစ္စည်းများ ဆုံးရှုံးမှုသည် မိမိတို့ လူမျိုးစုငယ်နှင့် ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းရေးကို ခြိမ်းခြောက်နေသည့်အန္တရာယ်တစ်ရပ်ပင် ဖြစ်သည်ဟု ဇူလက်ပင်က ပြောကြားသည်။ ***အမ်အင်အေ၊ ရိုက်တာ။***

အီရတ်တွင် အမေရိကန်အသုံးပြုသည့် နည်းဗျူဟာ ဥပဒေနှင့် သောင်မဝင်ဟု ဆို

လန်ဒန် မတ် ၁၃

ဗြိတိန်တပ်ဖွဲ့ဝင်တစ်ဦးက အီရတ်နိုင်ငံတွင် စစ်တိုက်ရန် ငြင်းဆန်ခဲ့ပြီးနောက် စစ်တပ်မှထွက်ခဲ့ကြောင်း တနင်္ဂနွေနေ့က ပြောကြားကြောင်း၊ ယင်းသို့ စစ်တပ်မှထွက်ခဲ့ရခြင်း အကြောင်းရင်းသည် အမေရိကန် တပ်ဖွဲ့ဝင်များက တရားဥပဒေနှင့်ညီညွတ်မှုမရှိသည့် နည်းဗျူဟာများ ကျင့်သုံးနေမှုကြောင့်ဖြစ်ကြောင်း သည်ဆန်းဒေးတယ်လီဂရပ်ဖ် သတင်းစာက ရေးသားသည်။

အီရတ်နိုင်ငံရှိ စစ်မြေပြင်တွင် စစ်မတိုက်လိုဟု ငြင်းဆန်ကာ စစ်တပ်မှ ထွက်ခဲ့ရာတွင် ၎င်းတပ်ဖွဲ့ဝင်သည် ဗြိတိန်အထူးလေတပ်မှ ပထမဆုံးသော တပ်ဖွဲ့ဝင်ဖြစ်သည်။ ၎င်းသည် အသက် ၂၈ နှစ်ရှိ ဘင်ဂရစ်ဖင်ဆိုသူဖြစ်သည်။

မိမိအနေဖြင့် ဘဂ္ဂဒက်တွင် ဥပဒေဘောင်နှင့် ညီညွတ်မှုမရှိ သို့တည်းမဟုတ် မှားယွင်းနေသည့်ကိစ္စ အတော်များများကို တွေ့မြင်ခဲ့ရကြောင်း ဗြိတိန်တပ်ဖွဲ့ဝင်များက အမေရိကန်တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းကာ ပြောက်ကျားများအပေါ် ပူးတွဲဆင်နွှဲစဉ်က အတွေ့အကြုံများကို ဖော်ပြပါသတင်းစာက တွေ့ဆုံမေးမြန်းရာတွင် ပြန်လည်ပြောကြားခြင်းဖြစ်သည်။

လူအချို့ကို မိမိတို့က ဖမ်းဆီးမှုမပြုလိုတော့ဟု မိမိတို့က ဌာနချုပ် ကို ရေဒီယိုဖြင့် သတင်းပေးပို့မည်ဖြစ်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် မိမိတို့သိရသလောက်ဆိုပါက ၎င်းတို့သည် အသက်ကြီးသူများဖြစ်ပြီး တောင်သူလယ်သမားများဖြစ်နေကာ အန္တရာယ်ပေးမည့်သူများမဟုတ်ခြင်းကြောင့်ဖြစ်ကြောင်း၊ သို့ရာတွင် အမေရိကန်တပ်ဖွဲ့ဝင်များက ၎င်းတို့ကို ထိန်းသိမ်းခဲ့ကြောင်း ဂရစ်ဖင်က ဆက်လက်ပြောကြားသည်။

အီရတ်ရှိ ပြည်သူလူထု၏ ထောက်ခံအားပေးမှုရရှိလိုပါက ယင်းနည်းမျိုးအသုံးပြုဆောင်ရွက်၍ရမည်မဟုတ်ဟု ၎င်းကထပ်လောင်း ပြောကြားသည်။ အမေရိကန်တပ်ဖွဲ့ဝင်များက အီရတ်ပြည်သူလူထုကို ရိုသေလေးစားမှုမရှိကြဘဲ လူကိုလူလိုမမြင်သည့်သူများဖြစ်ကြသည်ဟု ဂရစ်ဖင်က ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အီရတ်နိုင်ငံ မြောက်ပိုင်း ကယ်ကွတ်မြို့တွင် ကားဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် မပေါက်ကွဲဘဲ ကျန်ရစ်သော ဗုံးဆန်အားရဲတပ်ဖွဲ့ဝင်တစ်ဦးက စစ်ဆေးကြည့်ရှုနေသည်ကို မတ် ၁၃ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

နှစ်ပေါင်း ၄၀၀၀ ခန့်က လူနေဒေသတစ်ခု ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် တူးဖော်တွေ့ရှိ

ဒါကာ မတ် ၁၃

ရှေးဟောင်းပစ္စည်း တူးဖော်လေ့လာရေး ပညာရှင်များက လွန်ခဲ့သည့် နှစ်ပေါင်း ၄၀၀၀ ခန့်က ယဉ်ကျေးမှုလက်ရာနှင့် တူသော ရှေးဟောင်းပစ္စည်းများကို ဘင်္ဂလားဒေ့ရှ်နိုင်ငံ အလယ်ပိုင်းဒေသတွင် ရှာဖွေတွေ့ရှိခဲ့ပြီး ယင်းပစ္စည်းများကို လေ့လာကြည့်ခြင်းဖြင့် ထိုဒေသတွင် လူများနေထိုင်ခဲ့သည့် အစောဆုံးအထောက်အထားများဖြစ်သည်ဟု ယုံကြည်ထားကြောင်း သည်ဒေလီစတားသတင်းစာ တနင်္ဂနွေနေ့တွင် ဖော်ပြသည်။

ဂျာတန်ဂျာနေဂါတက္ကသိုလ် ရှေးဟောင်းပစ္စည်းလေ့လာရေးဌာန ဥက္ကဋ္ဌ မော့စတာဖီဇာ ဦးဆောင်သည့် အဆိုပါ ရှေးဟောင်းပစ္စည်း တူးဖော်လေ့လာသူက မြေကြီးများတွင် တွင်းတူးနေထိုင်သည့်လူများ၏ အခြေအနေကို ခြေရာခံမိရာမှ ယင်းသို့ တူးဖော်တွေ့ရှိကြခြင်းဖြစ်သည်။ ယင်းသို့နေထိုင်ခြင်းသည် နာဆင်ဒီခရိုင် ဝါရီဘာတက်စ်ဝါဒေသတွင် ရှေးလူများနေထိုင်ခဲ့လေ့ရှိသည့် ဓလေ့တစ်ခုဖြစ်သည်။

ပထမဆုံးတွေ့ရှိ

ယင်းကဲ့သို့ ရှေးဟောင်းပစ္စည်းများတွေ့ရှိခြင်းသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ကြေးနီခေတ်မှပစ္စည်းများကို ပထမဆုံးတွေ့ရှိမှုဖြစ်သည်။

တွင်းတူးနေထိုင်သည့် လူနေဒေသများကို အိန္ဒိယတိုက်ငယ်အတွင်း ပါကစ္စတန်တောင်ကြားဒေသနှင့် အိန္ဒိယမြောက်ပိုင်းများတွင်လည်း တွေ့ရှိတတ်သည်။

အဆိုပါ လူနေတွင်းများအတွင်း ရေလှောင်ကန်၊ မီးဖိုဆောင်၊ ပစ္စည်းများ သိုလှောင်သည့် ကျင်းနှင့် အခြားအိမ်သုံးပစ္စည်းများကိုလည်း ၎င်းပညာရှင်များက တွေ့ရှိခဲ့ကြသည်။ ထို့ပြင် ၎င်းတို့က ကာရံထားသည့် မြို့သို့ ဦးတည်ဖောက်လုပ်ထားသည့် မြေကြီးအတွင်းမှ လမ်းကိုလည်း တွေ့ရှိခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

အပြည်ပြည်ဆိုင်ရာ အာကာသစခန်းသို့ လိုက်ပါနိုင်ရေးအတွက် ရုရှား၊ အမေရိကန်နှင့် ဘရာဇီးတို့မှ အာကာသယာဉ်မှူးများ မော်စကိုမြို့၌ လေ့ကျင့်နေကြသည်ကို မတ် ၁၃ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)



ဂရိကျွန်းပေါ်မှ ရှေးဟောင်း အဆောက်အအုံတစ်ခုကို မတ် ၁၃ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ဂျပန်နိုင်ငံတွင် ဝင်ငွေကွာဟချက် ကြီးမား ယိုမီယူရီရှင်ဘွန်း သတင်းစာ၏ စစ်တမ်းတွင်ဖော်ပြ

တိုကျို မတ် ၁၄

၈၁ရာခိုင်နှုန်းသော ဂျပန်ပြည်သူလူထုက ချမ်းသာသူနှင့် ဆင်းရဲသူကြားကွာဟချက်သည် ကြီးထွားလာနေပြီဟုထင်မြင်ကြကြောင်း ယိုမီယူရီရှင်ဘွန်း သတင်းစာက ကောက်ယူသည့်စစ်တမ်း တစ်ခုတွင်ဖော်ပြထားသည်။

ဂျပန်ဝန်ကြီးချုပ်ကိုအိဇုမိ ကျင့်သုံးနေသည့် စီးပွားရေးဆိုင်ရာ ပြုပြင်ရေး အစီအစဉ်များသည် ယင်းသို့ ဝင်ငွေကွာဟမှုဖြစ်စေရာတွင် အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်ဟု ၅၆ရာခိုင်နှုန်းသော ဂျပန်ပြည် သူတို့က ထင်မြင်ကြသည်။ ၄၀ရာခိုင်နှုန်းကမူယင်းအကြောင်းအရာနှင့် ဆက်နွှယ်မှုမရှိဟု ပြောကြားကြသည်။

တုံ့ပြန်ဖြေကြားသူ ဂျပန်ပြည်သူ ၁၈၁၂ဦးထဲမှ ၁၆ ရာခိုင်နှုန်းသော ပြည်သူများက ဝင်ငွေကွာဟမှုသည် ကြီးမားလာခြင်းမရှိပါဟု ထင်မြင်ကြကြောင်း အဆိုပါစစ်တမ်းတွင် ပါရှိသည်။ ၅၉ရာခိုင်နှုန်းသော ဂျပန်ပြည်သူတို့က ယင်းဝင်ငွေကွာဟမှုကို လုပ်ငန်းတိုးချဲ့လုပ်ကိုင်ပြီး ဖြေရှင်းနိုင်ခြင်း မရှိဟုထင်မြင်ကြပြီး ၃၉ရာခိုင်နှုန်းကမူ ၎င်းတို့နှင့် ဆန့်ကျင်ဘက် ယူဆကြသည်ဟု ဂျပန်နိုင်ငံတစ်ဝန်း လွန်ခဲ့သည့် ရက်သတ္တပတ်က ကောက်ယူခဲ့သည့် လူထုသဘောထား စစ်တမ်းအရသိရှိရသည်။ ဝင်ငွေကွာဟချက်ကြီးမားလာသည့် ပြဿနာသည် အမှန်တကယ်ဟုတ်၊ မဟုတ် မေးမြန်းရာတွင် ၇၉ ရာခိုင်နှုန်းသော ပြည်သူလူထုက ဟုတ်မှန်ကြောင်း ပြောကြားကြပြီး ၁၈ရာခိုင်နှုန်းက မဟုတ်မှန်ကြောင်း ငြင်းဆိုပြောကြားသည်။ အလယ်အလတ်ပိုင်းနှင့် သက်ကြီးရွယ်အိုတို့ကမူ ယင်းပြဿနာအပေါ် စိုးရိမ်မကင်းဖြစ်နေကြသည်ဟု စစ်တမ်းအရ သိရှိရသည်။***အမ်အင်အေ၊ဆင်ဟွာ။***

နိုင်ငံတကာသတင်းများ

မကွေးတိုင်းအတွင်းရှိ စက်ရုံစီမံကိန်းလုပ်ငန်းများ ဝန်ကြီးဦးအောင်သောင်း လှည့်လည်ကြည့်ရှုစစ်ဆေးမှာကြား

ရန်ကုန် မတ် ၁၄

အမှတ်(၁)စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်းသည် မြန်မာ့အထည်အလိပ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးဦးဦးသိန်းမောင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် မတ် ၁၁ ရက် ညနေ ၃ နာရီတွင် မကွေးတိုင်း မကွေးမြို့ မြန်မာ့အထည်အလိပ်လုပ်ငန်း ဆေးဆိုးပန်းရိုက်စက်ရုံသို့ရောက်ရှိသည်။

ရှေးဦးစွာ ဝန်ကြီးသည် အခြောက်လှန်းစက်ဖြင့် အဝတ်အထည်များအား အခြောက်လှန်းခြင်း လုပ်ငန်းများကို လည်းကောင်း၊ ပန်းပုံရိုက်စက်ဖြင့် အထည်များအား ပန်းရိုက်ခြင်း လုပ်ငန်းများကို လည်းကောင်း၊ အပူပေးအနံ့ဆန့်ခြင်းလုပ်ငန်းများကို လည်းကောင်း ကြည့်ရှုပြီးလုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် စက်ရုံမှ ထုတ်လုပ်ပြီး ဒီဇိုင်းစုံဆေးဆိုးပန်းရိုက်ထည်များကို ကြည့်ရှုစစ်ဆေးကာ ဒီဇိုင်းကောင်းမွန်၍ အရောင်အသွေးစုံလင်သော အဝတ်အထည်များကို တိုးတက်ထုတ်လုပ်သွားရေးမှာကြားသည်။

ဝန်ကြီးသည် ညနေ ၄ နာရီခွဲတွင် မကွေးမြို့ ဝင်းသူဇာအရောင်းဆိုင်သို့ ရောက်ရှိပြီး စက်မှု(၁) ထုတ်ကုန်များ ရောင်းချမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာလိုအပ်ချက်များ မှာကြားသည်။ ထို့နောက် စက်ရုံထုတ်စက်ဘီးများ၊ အပ်ချုပ်စက်များနှင့် အမှတ်(၂) စက်မှုဝန်ကြီးဌာန၏ ရွှေမြန်မာ လယ်ယာသုံးနှင့် လျှပ်စစ်ပစ္စည်း အရောင်းဆိုင်၏ လယ်ယာသုံးပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးသည်။

လုပ်ငန်းလိုအပ်ချက်

ထိုမှတစ်ဆင့် ဝန်ကြီးသည် မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း မြန်မာ့ထီးစက်ရုံ (မကွေး)သို့ရောက်ရှိကာထုတ်လုပ်ပြီး ထီးမျိုးစုံကိုလည်းကောင်း၊ ထီးတပ်ဆင်ခြင်းလုပ်ငန်း အဆင့်ဆင့်ကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည်မြန်မာ့စားသောက်ကုန်လုပ်ငန်း အချိုရည်စက်ရုံ (မကွေး)သို့ ရောက်ရှိစစ်ဆေးပြီး ထုတ်လုပ်မှု လုပ်ငန်းများ၌ GMP စနစ်နှင့်အညီ တိကျစွာ လိုက်နာဆောင်ရွက်သွားရေး မှာကြားကာ ထုတ်လုပ်ပြီး အချိုရည်ပုလင်းကတ်များကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း၊ ဆပ်ပြာ စက်ရုံ(မကွေး)သို့ရောက်ရှိပြီး ကုန်ထုတ်လိုင်းအမှတ်(၁)နှင့်အမှတ်(၂)တို့မှ ရွှေဝါဆပ်ပြာတောင့်၊ ကာဘော်လစ်ဆပ်ပြာနှင့် မွှေးဆပ်ပြာထုတ်လုပ်မှု လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ယင်းနောက် ဝန်ကြီးသည် ဖြန့်ဖြူးရန်အသင့်ထုပ်ပိုးပြီး ဆပ်ပြာသေတ္တာများကိုလည်းကောင်း၊ ခြံစည်းရိုးကြက်ဆူပင်ပျိုးပင်များကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် ဆီသားသိုလှောင်တိုင်ကီများကိုလည်းကောင်း၊ ဆပ်ပြာကုန်ကြမ်း ဆီတိုင်ကီများကို လည်းကောင်းကြည့်ရှုစစ်ဆေးပြီး စက်ရုံဝင်းအတွင်း ခြံစည်းရိုးကြက်ဆူပင် ပျိုးထောင်ထားမှုကို ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးသည် မတ် ၁၂ ရက် နံနက် ၉နာရီတွင် မြန်မာ့အထည်အလိပ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဦးသိန်းမောင်နှင့် တာဝန်ရှိသူများနှင့်အတူ မကွေးတိုင်း ဆင်ပေါင်ဝဲမြို့နယ် လယ်မ–သာစည်ဒေသ ဝါစိုက်ပျိုးရေးစီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိရာ ရှေးဦးစွာ စီမံကိန်းတာဝန်ခံက ဝါစိုက်ပျိုးမှုအခြေအနေများနှင့် ဝါရရှိမှု အခြေအနေများ၊ ဝါစိုက်ခင်းများအတွက် ရေအရင်းအမြစ်ရှာဖွေဖော်ထုတ်ပြီးစီးမှုနှင့် ရေရရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဦးဆောင်ညွှန်ကြားရေးမှူး ဦးဦးသိန်းမောင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဝန်ကြီးကဝါမျိုးကောင်း မျိုးသန့်များ ရရှိစုဆောင်းရေးနှင့် စပ်လျဉ်း၍ မှာကြားပြီး ဝါစိုက်ပျိုးမှု မှတ်တမ်းဓာတ်ပုံများနှင့် ထွက်ရှိသောဝါများကို လည်းကောင်း၊ ဝါသိုလှောင်ရုံကို လည်းကောင်း ကြည့်ရှုသည်။

ယင်းနောက် ဝန်ကြီးသည် ဒေါ်ပေါက်စမဆည်သို့ ရောက်ရှိပြီး ဆည်၏အခြေအနေများကို ကြည့်ရှုကာ လုပ်ငန်းလိုအပ်ချက်များ မှာကြားပြီး ဝါစိုက်ပျိုးထားမှုများကို ကြည့်ရှုစစ်ဆေးသည်။

ပြောင်းဖူးထုတ်ကုန်ပစ္စည်း

ဝန်ကြီးသည် မွန်းလွဲ၁နာရီတွင် မကွေးတိုင်း တောင်တွင်းကြီးမြို့နယ် ပရပ်ကြယ်ကျေးရွာအနီး မြန်မာ့စားသောက်ကုန်လုပ်ငန်းမှ အကောင်အထည်ဖော်လျက်ရှိသော ပြောင်းဖူးထုတ်ကုန်ပစ္စည်း စက်ရုံစီမံကိန်း (ရန်ပယ်)သို့ရောက်ရှိပြီး အဆောက်အအုံများ တည်ဆောက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် စက်များတပ်ဆင်ပြီးစီးမှု အခြေအနေများကို လည်းကောင်း၊ ကန့်လောင်ကျွမ်းမီးဖိုနှင့် ဆာလ်ဖာဒိုင်အောက်ဆိုဒ်စုကန်၊ ဆာလ်ဖြူ ရစ်အက်ဆစ်ကန်၊ ရေလှောင်ကန်များ တည်ဆောက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ယင်းနောက် ဆီထုတ်လုပ်မှုစက်ရုံသို့ ရောက်ရှိပြီး စက်များတပ်ဆင်ပြီးစီးမှု အခြေအနေများကို လည်းကောင်း တိရစ္ဆာန်အစာစက်ရုံကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် ခြံစည်းရိုးကြက်ဆူပင် ပျိုးဥယျာဉ်သို့ရောက်ရှိပြီး ပျိုးထောင်ထားသော ပင်ပျိုများကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် စက်ရုံရှင်းလင်းဆောင်၌ တာဝန်ရှိသူများနှင့် တွေ့ဆုံရာ မြန်မာ့စားသောက်ကုန်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးလှိုင်က စက်ရုံစီမံကိန်းနှင့် စပ်လျဉ်း၍ မြို့ပြဆိုင်ရာ တည်ဆောက်ပြီးစီးမှု အခြေအနေများ၊ စက်များရောက်ရှိမှု အခြေအနေများနှင့် အင်ဂျင်နီယာပိုင်းဆိုင်ရာ ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လုပ်ငန်းများကို လုပ်ငန်းစဉ်ဇယားနှင့် အညီဆောင်ရွက်ရေး၊ လုပ်ငန်းများ အမြန်ဆုံးပြီးစီးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားရေး မှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း မြင်းနှင့်သိုးမွေးမြူရေး စီမံကိန်း (ရန်ပယ်)သို့ရောက်ရှိရာ တာဝန်ရှိသူများက စီမံကိန်းအကောင်အထည်ဖော်မှုနှင့် စပ်လျဉ်း၍ လည်းကောင်း၊ မြင်း ၁၃၂ကောင် ရွေးချယ်မွေးမြူမှုနှင့် သိုးအကောင် ၅၀၀ မွေးမြူသွားမည့် အခြေအနေများကို လည်းကောင်း တင်ပြသည်။

ဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးပြီး လိုအပ်သည်များ မှာကြားကာ စီမံကိန်းဝင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးသည် ညနေပိုင်းတွင် တောင်တွင်းကြီးမြို့ မြန်မာ့အထည်အလိပ်လုပ်ငန်း ဝါကြိတ်စက်ရုံသို့ရောက်ရှိပြီး ဝါကြိတ်ခြင်းလုပ်ငန်း အဆင့်ဆင့်ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာလုပ်ငန်းလိုအပ်ချက်များ မှာကြားခဲ့သည်။

(သတင်းစဉ်)

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်း မကွေးတိုင်း မြန်မာ့စားသောက်ကုန်လုပ်ငန်း ပြောင်းဖူးထုတ်ကုန်ပစ္စည်းစက်ရုံစီမံကိန်း (ရန်ပယ်)တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အရောင်းစင်တာ ဖွင့်ပွဲကျင်းပ

ရန်ကုန် မတ် ၁၄

North Point, Ocean Super Shopping Center ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ သီရိရိပ်သာ အဆောက်အအုံ၌ကျင်းပရာ North Point Shopping Center နှင့် Ocean Super Center ကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် City Mart Holding ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဒေါ်ဝင်းဝင်းတင့်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ရန်ကုန်မြို့တော်ဝန်၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး နှင့် ဧည့်သည်များသည် ဖွင့်လှစ်ရောင်းချလျက်ရှိသည့် ဆိုင်ခန်းများကို လိုက်လံကြည့်ရှုအားပေးကြသည်။ **(အပေါ်ပုံ)** (သတင်းစဉ်)

မာန်အောင်မြို့နယ်အသင်း မဂ္ဂဇင်းထုတ်ဝေမည်

ရန်ကုန် မတ် ၁၄

မာန်အောင်မြို့နယ်အသင်း(ရန်ကုန်) ၏(၃၅)နှစ်ပြည့်အထိမ်းအမှတ် မဂ္ဂဇင်းကို ယခုနှစ်အတွင်း ထုတ်ဝေသွားမည် ဖြစ်ရာ ရခိုင်ပြည်နယ်နှင့် ပတ်သက်သော ဝတ္ထုတို၊ ဆောင်းပါး၊ ပြဇာတ်၊ စာညွှန့်၊ ကဗျာ၊ ကာတွန်းများကို ပေးပို့ပါရန် ဖိတ်ခေါ်ထားရာ ဦးစိုးတင်(ဂနိုင်တင်–မာန်အောင်)၊ အမှတ်(၁၀၈)၊ ၄၂ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)၊ ဦးခင်မောင်စိုး(မောင်ပေါ်ထွန်း)၊(၃၄၉)၊(၈)လမ်း၊ ၁၀ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဦးချစ်ထွန်း(ထွဋ်ခေါင်)၊(၁၀၅၀)၊(၇)ဈေးလမ်း၊ (၇)အရှေ့ရပ်ကွက်၊ သာကေတမြို့နယ် တို့ထံပေးပို့နိုင်ကြောင်းသိရသည်။ (က–ပ)

မြန်မာစာဘွဲ့ရကျောင်းသားများ မြတ်ဆရာပူဇော်ပွဲကျင်းပမည်

ရန်ကုန် မတ် ၁၄

ရန်ကုန်တက္ကသိုလ်မှ ၁၉၆၉–၁၉၇၃ ခုနှစ် မြန်မာစာအဓိကဘွဲ့ရ ကျောင်းသား၊ ကျောင်းသူများ၏ အငြိမ်းစားဆရာ၊ဆရာမကြီး ၁၃ဦးတို့အား စတုတ္ထအကြိမ်မြောက် ကန်တော့ပွဲကို ဧပြီ ၁ ရက် မွန်းလွဲ ၁ နာရီတွင် အမှတ်(၂၂၁/၂၂၃) ရွှေဂုံတိုင်လမ်းရှိ တော်ဝင်နှင်းဆီစားသောက်ဆိုင်၌ ပြုလုပ်မည်ဖြစ်ရာ ဘွဲ့ရ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြပါရန်နှင့် အလှူငွေများကို ဦးစိုးညွန့် ဖုန်း–၅၄၂၇၁၉၊ ဦးစန်းမြင့် ဖုန်း–၂၀၀၀၁၉၊ ဦးစိန်သော် ဖုန်း–၆၃၆၆၃၃၊ ဦးကျော်ဇေယျ ဖုန်း–၀၉၅၀၀၇၈၄၉၊ ဒေါ်ခင်ရွှေဦး ဖုန်း–၅၆၆၁၃၁၊ ဒေါ်ရီရီတာ ဖုန်း–၅၇၀၅၈၄၊ ဒေါ်နွယ်နွယ်လင်း ဖုန်း–၆၆၀၀၅၀၊ ဒေါ်အေးအေးမော် ဖုန်း–၆၆၀၅၈၆ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

အလက(၄)လှိုင် ကျောင်းသားကျောင်းသူဟောင်းများ ပထမအကြိမ် အာစရိယပူဇော်ပွဲကျင်းပ

ရန်ကုန် မတ် ၁၄

၁၉၇၇ မှ ၁၉၉၀ ပြည့်နှစ်အထိ အလက(၄)လှိုင် [တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ပရဟိတ(ကျား)ကျောင်း]တွင် ပညာသင်ယူခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲကို မတ်၁၂ရက် (တနင်္ဂနွေ)နေ့ မွန်းတည့်၁၂နာရီက အဆိုပါကျောင်းရှိ ဝေဇယန္တာခန်းမတွင် ကျင်းပရာ အလက(၄)လှိုင် ကျောင်းအုပ်ကြီး ဦးဦးသာ(အငြိမ်းစား) အမှူးပြု၍ ဆရာ၊ ဆရာမ ၅၆ ဦးတို့အား ကျောင်းသား၊ ကျောင်းသူဟောင်းများက လက်အုပ်ချီမိုး ပူဇော်ကန်တော့ပြီး ဂါရဝပစ္စည်းများ ပေးအပ်ကြသည်။

(က–ပ)

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်ခဲ့

၂၀၀၆–ခုနှစ်၊ မတ်လ (၉)ရက်နေ့အထိ နိုင်ငံအဝန်းတွင် ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်(၅၁၁၃၁)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။

ကျေးလက်နေပြည်သူအများ ပညာဗဟုသုတတိုးပွားစေရန်
ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် စာအုပ်များကို
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ခရိုင်/မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ကြပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန



လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး မအူပင်စက္ကူစက်ရုံတွင် ဂုန်လျှော်မှ စာရေးစက္ကူထုတ်လုပ်မှုကို ကြည့်ရှုစစ်ဆေးစဉ်။ (လယ်ယာ/ဆည်မြောင်း)

ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ကျုံစုတ်လျှပ်စစ်မြစ်ရေတင်စီမံကိန်းစစ်ဆေး မအူပင်စက္ကူစက်ရုံမှ အရည်အသွေးမီ စက္ကူထုတ်လုပ်ရန် မှာကြား

ရန်ကုန် မတ် ၁၄

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် မတ် ၁၁ ရက်က နံနက် ၉နာရီတွင် ဧရာဝတီတိုင်း မအူပင်မြို့နယ်ရှိ ကျုံစုတ်လျှပ်စစ်မြစ်ရေတင်စီမံကိန်းသို့ ရောက်ရှိကြရာ စီမံကိန်းရှင်းလင်းဆောင်၌ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမိုးဦးက မြစ်ရေတင်စီမံကိန်းတွင် ရေတင်စခန်းနှင့် ရေပေးမြောင်းများပြုလုပ်မှု၊ ပြီးစီးသောအပိုင်းနှင့် ဆက်လက်ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြရာ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရွှေက ရေသောက်ဧရိယာပြမြေပုံတွင် စီမံကိန်းရေပေးမည့်ဒေသများနှင့် လက်တံမြောင်း အမှတ်(၁)နှင့် အမှတ်(၂) ပြီးစီးအောင် ဆောင်ရွက်နေမှု၊ ရေပေးနိုင်မည့်အခြေအနေတို့ကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဝန်ကြီးက စီမံကိန်းတာဝန်ခံများ၊ မြို့နယ်စိုက်ပျိုးရေးလုပ်ငန်း ညှိနှိုင်းမှုကော်မတီဝင်များအား စီမံကိန်းလုပ်ငန်းများအား အပိုင်းအလိုက် ပြီးစီးအောင် ဆောင်ရွက်ပြီး ပြီးစီးသည့်အပိုင်းကို ရေပေးဝေ စိုက်ပျိုးနိုင်ရေး ဆောင်ရွက်ရန်၊ ရေပေးဝေနိုင်သည့် စိုက်ပျိုးမြေများ၌ တောင်သူများ ဝင်ငွေတိုးစေရန်အတွက် သီးနှံပုံစံချမှတ်၍ စိုက်ပျိုးရေး၊ သီးနှံအလိုက် သတ်မှတ်ထားသည့် ပန်းတိုင်အထွက်နှုန်းရရှိအောင် ဆောင်ရွက်ရေးနှင့် လေလွင့်ဆုံးရှုံးမှု နည်းပါးရေးတို့ကို မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်စိုက်ပျိုးရေးလုပ်ငန်း ညှိနှိုင်းမှုကော်မတီဝင်များ၊တောင်သူလယ်သမားများနှင့် တွေ့ဆုံ၍ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး၊ တစ်ဧကသီးနှံအထွက်နှုန်းတိုးရေး၊ လေလွင့်ဆုံးရှုံးမှု လျော့နည်းရေး၊ စိုက်ပျိုးထုတ်လုပ်မှုစရိတ်ကျဆင်းရေး၊ ဒေသနှင့် ကိုက်ညီသည့် အထွက်ကောင်းမျိုးများ တိုးချဲ့စိုက်ပျိုးရေး၊ ဘိုင်အိုဒီဇယ်ဆီ ထုတ်ယူသုံးစွဲနိုင်သော ခြစ်ဆည်းရိုးကြက်ဆူရိုင်းပင် စိုက်ပျိုးရေး၊ ကြက်ဆူရိုင်းအသီးထွက်ကောင်းအောင် ဆောင်ရွက်ရမည့်နည်းလမ်းများ မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် ကျုံစုတ်လျှပ်စစ်မြစ်ရေတင်စီမံကိန်း၏ ရေပေးတူးမြောင်းများနှင့် ပင်မမြောင်း ပြုလုပ်မှု၊ ရေငြိမ်ကန်နေရာတို့ကို ကြည့်ရှုစစ်ဆေးသည်။

ကျုံစုတ်လျှပ်စစ်မြစ်ရေတင် စီမံကိန်းသည် ရေတင်အဆင့်တစ်ဆင့်ဖြင့် ပေ ၂၇၀၀ ရှည်သည့် ပင်မမြောင်းနှင့် လက်တံမြောင်းသုံးခုပါရှိကာ ကျေးရွာအုပ်စုကိုးအုပ်စုရှိ လယ်မြေဧက ၉၀၀၀ ကို ရေပေးနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့် အဖွဲ့သည် မအူပင်မြို့နယ် ပန်းတပွတ်ကျေးရွာအနီးရှိ မအူပင်စက္ကူစက်ရုံသို့ ရောက်ရှိပြီး ဂုန်လျှော်အပင်ခြောက် တစ်ပင်လုံးကို ကုန်ကြမ်းအဖြစ် အသုံးချ၍ စက္ကူထုတ်လုပ်မှုအဆင့်ဆင့်ကို ကြည့်ရှုသည်။

ဆက်လက်၍ အချောကိုင်ဌာန၌ စက္ကူအရည်အသွေး စစ်ဆေးမှု၊ စက္ကူဖြတ်မှု၊ စက္ကူထုပ်ပိုးမှု၊ မှတ်စုစာအုပ်နှင့် ဗလာစာအုပ်များ ထုတ်လုပ်မှုတို့ကို ကြည့်ရှုစစ်ဆေးပြီး စံချိန်မီ အရည်အသွေးကောင်းစက္ကူများ ထုတ်လုပ်ရေး၊ ထုတ်လုပ်မှုစရိတ် လျော့နည်းကျဆင်းအောင် ကြိုးပမ်းဆောင်ရွက်ရေး၊ ဈေးကွက်သို့ ကျယ်ကျယ်ပြန့်ပြန့် ရောက်ရှိရေးတို့ကို မှာကြားသည်။

ထို့နောက် ရှင်းလင်းဆောင်၌ စက်ရုံမှူးက စက်စွမ်းအားနှင့် ကုန်ကြမ်းစုဆောင်းရရှိမှု အခြေအနေ၊ ဂုန်လျှော်ပင်မှ တန်ဖိုးမြင့် စက္ကူထုတ်လုပ်မှု အခြေအနေနှင့် တစ်နှစ် မက်ထရစ်တန်ချိန် ၅၀၀၀ ထုတ်လုပ်မှုကို ရှင်းလင်းတင်ပြရာ မြန်မာ့ဂုန်လျှော်ပစ္စည်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးရဲဖုန်းမြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဝန်ကြီးက တာဝန်ခံများအား စက်စွမ်းအားပြည့် လည်ပတ်ရေး၊ စက္ကူထုတ်လုပ်မှုတိုးမြှင့်ရေး မှာကြားခဲ့သည်။ (သတင်းစဉ်)

ဗုဒ္ဓဝိဟာရဓမ္မာရုံ ကျောင်းတော်ကြီး ရေစက်ချလှူဒါန်း

ရန်ကုန် မတ် ၁၄

ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်ရှိ အောင်မြေရတနာ ကျောင်းတိုက်၌ ဆောက်လုပ်ပြီးစီးသွားသော ငွေကျပ်သိန်း ၇၀၀ ကျော်ရှိ ဗုဒ္ဓဝိဟာရဓမ္မာရုံကျောင်းတော်ကြီး ရေစက်ချလှူဒါန်းပွဲ အခမ်းအနားကို မတ် ၁၂ရက်တွင် ယင်းကျောင်းတော်ကြီး၌ ကျင်းပရာ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ပဏ္ဍိတာဘိဝံသ၊ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဝဏ္ဏိတ၊ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်နှင့် အဖွဲ့ဝင်များ၊ အောင်မြေရတနာကျောင်းတိုက် ပဓာနနာယကဆရာတော်အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ သီလဝံသာဘိဝံသ အမှူးပြုသော ပင့်သံဃာတော်များ၊ ကျောင်းတိုက်ရှိ သံဃာတော်များ ကြွရောက်တော်မူကြပြီး ငွေကျပ်သိန်း ၄၇၀ မတည်အလှူရှင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်မှ ဦးဘမှူး ဇနီး ဒေါ်စန်းရီ မိသားစု၊ စုပေါင်းအလှူရှင်များနှင့် ဧည့်သည်များ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် ပရိသတ်တို့က နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ်ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး အလှူရှင်များက ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုများကို ဆက်ကပ်လှူဒါန်းကြ၍ ရေစက်သွန်းချ အမျှပေးဝေကြသည်။ (သတင်းစဉ်)

ဖွံ့ဖြိုးရေးတက္ကသိုလ် သင်တန်းဆင်းပွဲနှင့် အလုပ်ခန့်အပ်လွှာပေးအပ်ပွဲ ကျင်းပ

ရန်ကုန် မတ် ၁၄

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် အလယ်တန်းဆရာအတတ်သင်တန်း အမှတ်စဉ်(၁၅) သင်တန်းဆင်းပွဲနှင့် ပညာရေးဘွဲ့ လေးနှစ်သင်တန်း အမှတ်စဉ်(၃၇)ဘွဲ့ရများအား အလုပ်ခန့်အပ်လွှာ ပေးအပ်ပွဲ အခမ်းအနားကို မတ် ၁၀ ရက်က မွန်းလွဲ ၁ နာရီတွင် အဆိုပါတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပါမောက္ခချုပ် ဦးဇော်မင်းသိန်း၊ ပြည်နယ်နှင့်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများမှ ကိုယ်စားလှယ် များ၊ တက္ကသိုလ်ပညာရေးအဖွဲ့ဝင်များ၊ ဌာနကြီးမှူးများ၊ ဌာနမှူးများ၊ ကထိကများ၊ ဆရာ၊ ဆရာမများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ သင်တန်းသား၊ သင်တန်းသူများနှင့် ၎င်းတို့၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ဌာနကြီးမှူး(သင်တန်းရေးရာ) ဦးဌေးလွင်က အလယ်တန်း ဆရာအတတ်သင်တန်း အမှတ်စဉ်(၁၅)နှင့် ပတ်သက်သော အစီရင်ခံစာကို ဖတ်ကြားတင်ပြသည်။ ဆက်လက်၍ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ပါမောက္ခချုပ် ဦးဇော်မင်းသိန်းက အလယ်တန်း ဆရာအတတ်သင်တန်းဆင်း သင်တန်းသား၊ သင်တန်းသူ ၃၇ ဦးတို့အား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ပြီး ပြည်နယ်နှင့် တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများမှ ကိုယ်စားလှယ်များက ပညာရေးဘွဲ့ လေးနှစ်သင်တန်း အမှတ်စဉ်(၃၇)ဘွဲ့ရများအား အလုပ်ခန့်အပ်လွှာများ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပါမောက္ခချုပ် ဦးဇော်မင်းသိန်းက အလယ်တန်း ဆရာအတတ်သင်တန်း အမှတ်စဉ်(၁၅) ထူးချွန်ဆုရသူများအား ဆုများချီးမြှင့်သည်။ (သတင်းစဉ်)

မက္ကဆီကို ကော်တက်ဇ်ပင်လယ်အတွင်း ငါးမန်းအမျိုးအစားသစ် ရှာဖွေတွေ့ရှိ

မက္ကဆီကိုနိုင်ငံ ကော်တက်ဇ်ပင်လယ်တွင် အဏ္ဏဝါသုတေသနလုပ်ငန်း လုပ်ဆောင်နေသော သုတေသီတစ်ဦးကို မတ် ၁၃ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မက္ကဆီကိုစီးတီး မတ် ၁၄

မက္ကဆီကိုနိုင်ငံ၏ ကော်တက်ဇ်ပင်လယ်အတွင်း အလင်းရောင် မရောက်သည့် မှောင်မိုက်နေသော ရေထုတည်ရှိနေရာတွင် ကျက်စားသည့် ငါးမန်းအမျိုးအစားသစ်တစ်မျိုးကို ယင်းနိုင်ငံမှ အဏ္ဏဝါဇီဝဗေဒပညာရှင်တစ်ဦးက ရှာဖွေတွေ့ရှိရကြောင်း မတ် ၁၄ရက် အင်တာနက်သတင်းတစ်ပုဒ်တွင် ဖော်ပြထားသည်။

မက္ကဆီကိုနိုင်ငံ၏ အဏ္ဏဝါဆိုင်ရာ သတ္တဝါမျိုးစိတ်တို့ကြွယ်ဝရာ ရေလက်ကြားဒေသတွင် ငါးမန်းမျိုးစိတ်သစ်ကို ရှာဖွေတွေ့ရှိရခြင်းသည် နှစ်ပေါင်း ၃၄နှစ်တာကာလအတွင်း ပထမဆုံးအကြိမ်ဖြစ်သည်။

မက္ကဆီကိုအဏ္ဏဝါဇီဝဗေဒပညာရှင် ယွန်ကာလို့စ်ပီရက်ဇ်သည် ၂၀၀၃ခုနှစ် နှစ်ဦးပိုင်းမှစ၍ ငါးဖမ်းစက်လှေတစ်စင်းနှင့်အတူ လိုက်ပါကာ ပင်လယ်ပြင်အတွင်း ဘာသာဘာဝကျက်စားသည့် ရေသတ္တဝါလောကကို ပိုင်းခြားစိတ်ဖြာလေ့လာခဲ့သူဖြစ်သည်။

ယွန်ကာလို့စ်သည် ပင်လယ်ရေမျက်နှာပြင်အောက် မီတာ ၂၀၀ခန့်တွင် ကျက်စားသော မြူစတယ်လပ်စ် (Muste Lus)ငါးမန်းမိသားစုဝင် ငါးမန်းကောင်များကို အထူးပြုလေ့လာခဲ့သည်။

ပင်လယ်ရေမျက်နှာပြင်အောက် မီတာ ၂၀၀ ခန့်တွင် ကျက်စားသော မြူစတယ်လပ်စ် ငါးမန်းသတ္တဝါများကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဇီဝဗေဒပညာရှင် ယွန်ကာလို့စ်သည် ငါးမန်းမျိုးစိတ်သစ်ကိုရှာဖွေတွေ့ရှိခဲ့ပြီး မျိုးစိတ်သစ်ငါးမန်းဖြစ်ကြောင်း အတည်ပြုနိုင်ရန် ခြောက်လကြာမျှ မျိုးဗီဇစမ်းသပ်မှုများကို ပြုလုပ်ခဲ့သည်။

အဆိုပါငါးမန်းမျိုးစိတ်သစ်မှာ သေးသွယ်သည့်ကိုယ်ခန္ဓာ၊ ကော်ဖီစေ့ကဲ့သို့ မည်းနက်သည့် အရေပြားအဆင်းရောင်၊ ဆူးတောင်များနှင့် အမြီးပိုင်းအစပ်တွင် အဖြူရောင်အမှတ်အသားတို့ပါရှိပြီး ၁ ဒသမ ၅ မီတာ ရှည်လျားကြောင်း ယွန်ကာလို့စ်က ပြောကြားသည်။

ယခုကဲ့သို့ ငါးမန်းမျိုးစိတ်သစ်ကို ရှာဖွေတွေ့ရှိရဖြင့် ပစိဖိတ်သမုဒ္ဒရာမြောက်ခြမ်း၏ အရှေ့ပိုင်းတွင် မြူစတယ်လပ်စ်ငါးမန်းမိသားစုတွင် မျိုးစိတ်သစ်ပေါင်းငါးမျိုးအထိ ရောက်ရှိသွားပြီဖြစ်သည်။ ၁၉၇၂ခုနှစ်တွင် ဦးချိုပုံသဏ္ဌာန်ရှိ မက္ကဆီကိုငါးမန်းကို ရှာဖွေတွေ့ရှိခဲ့ရပြီးနောက် ကော်တက်ဇ်ပင်လယ်အတွင်း ငါးမန်းမျိုးစိတ်သစ်ကို ရှာဖွေတွေ့ရှိရခြင်းသည် ပထမဆုံးအကြိမ်ဖြစ်သည်။

အင်တာနက်။

ကြေးမုံ The Mirror အင်တာနက် သတင်းများ

▲ ရှေ့ဖုံးမှ

တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်တို့က ဖြည့်စွက်တင်ပြကြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ရေလှောင်တမံ ဘက်စုံစီမံကိန်း ရှင်းလင်းဆောင်ရွေ့ရှုရပ်မှ လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ရေစိမ့်တားကွန်ကရစ်နံရံကို စက်ယန္တရားများဖြင့် ကွန်ကရစ်များ သွန်းလောင်းနေမှုနှင့် ရေလွှဲဥမင်ဖောက်လုပ်နေသည့် ကျီးကန်းတောင်ခြေ၌ လုပ်ငန်းများ ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ကျောက်ဆည်မြို့နယ် သံရွာပြည်သူ့ဆေးရုံသို့ ရောက်ရှိကြပြီး ဆေးရုံအတွင်းရှိ အမျိုးသားလူနာဆောင်၊ ခွဲစိတ်ခန်း၊ သားဖွားခန်း၊ အမျိုးသမီးလူနာဆောင်၊ ဆေးသိုလှောင်ခန်း၊ ရုံးခန်း၊ ဆေးပေးခန်း၊ ပြင်ပလူနာဌာနတို့ကို ကြည့်ရှုစစ်ဆေးကာ ဆေးရုံတက်ရောက်ကုသခံယူနေသော လူနာများအား အားပေးစကားပြောကြားပြီး ထောက်ပံ့ငွေများ ပေးအပ်သည်။

လမ်းအူကြောင်းကြည့်ရှု

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် သံရွာနှင့် နောင်ခမ်းတံတား ဆက်သွယ်မည့် လမ်းအူကြောင်းသစ်ကိုလည်းကောင်း၊ သင်ဒီးမြောင်းလမ်းဆုံ၌ ခရိုင်ချင်းဆက်လမ်း အမှတ်(၂) လမ်းအူကြောင်းကိုလည်းကောင်း၊ လွန်ကျော်ကျေးရွာအုပ်စု၊ စမြောင်ကျေးရွာနှင့် ရွာခိုင်ကြီးကျေးရွာ လမ်းပိုင်းများကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် မြစ်သားနှင့် ခရိုင်ချင်းဆက်လမ်း လမ်းဆုံသို့ ရောက်ရှိပြီး လမ်းပိုင်းနှင့်လမ်းအူကြောင်း အခြေအနေကိုလည်းကောင်း၊ မိုင်းမောဖြတ်လမ်းသို့ရောက်ရှိပြီး သရက်ပင်ကံဆွယ်ကျေးရွာအုပ်စုရှိ လမ်းပိုင်းကိုလည်းကောင်း၊ မိုင်းမောလမ်းဆုံသို့ ရောက်ရှိပြီး လမ်းပိုင်းနှင့် လမ်းအူကြောင်းအခြေအနေကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် မြစ်သားမြို့နယ် မြို့တွင်းကျေးရွာအနီး စက်ယန္တရားများဖြင့် မြေသားညှိ လမ်းဖောက်လုပ်မှုကိုလည်းကောင်း၊ ကင်းတားလက်ဝဲမြောင်းမကြီးနှင့် ပွဲလုံးကျော်ရွာ လမ်းဆုံသို့ရောက်ရှိပြီး ကင်းတားလက်ဝဲမြောင်းမတံတားနှင့် လမ်းပိုင်း အခြေအနေများကိုလည်းကောင်း၊ မြစ်သားမြို့နယ် ထိန်ကန်ကြီးကျေးရွာနှင့် ဝမ်းတွင်းမြို့နယ် ဂုံကျေးရွာသို့ ဆက်သွယ်သည့် ကင်းတား လက်ဝဲမြောင်းကူးတံတားကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ကျောက်ဆည်မြို့နယ် သံရွာပြည်သူ့ဆေးရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ဂုံကျေးရွာသို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ ညွှန်ကြားရေးမှူး ဦးကံလှက ခရိုင်ချင်းဆက်လမ်း အမှတ်(၂)တွင်ပါဝင်သော ဂုံကျေးရွာနှင့်လှိုင်းတက်ကျေးရွာအထိ မြေသားလမ်းပြီးစီးမှုနှင့် ကြွယ်ကန်အလယ်ကန်၊ မြောင်ဦး၊ နန်းတော်ကုန်း လမ်းပိုင်းများအခြေအနေကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က ဖြည့်စွက်တင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ဂုံကျေးရွာရှိ ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံပြီး ဝါ၊ နှမ်း၊ ငရုတ်အပြင် စပါးတစ်သီးစိုက်ပျိုးကြရန်နှင့် ခြံစည်းရိုးကြက်ဆူပင်များလည်း နေရာအနှံ့ စိုက်ပျိုးကြရန် မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ခရိုင်ချင်းဆက်လမ်း အမှတ်(၂)အတိုင်း မော်တော်ယာဉ်များဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးရာ ညနေ ၄နာရီတွင် လှိုင်းတက်ကျေးရွာသို့ ရောက်ရှိသည်။

မိုးကုတ်ဝိပဿနာ တရားစခန်းများ

ရန်ကုန် မတ် ၁၄

ရန်ကုန်မြို့ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် ကမ္မဋ္ဌာနာစရိယ ဓမ္မကထိကဆရာတော် ဦးသာဂရ (ဓမ္မာစရိယ)၊ ဓမ္မကထိက ဆရာတော် ဦးအာစိဏ္ဏနှင့် ဓမ္မကထိကဆရာကြီး ဦးလေးမောင်တို့သည် မတ် ၂၃ရက်မှ ၂၉ရက်အထိ မော်ဘီမြို့နယ် ဝါးနက်ချောင်းတိုက်နယ် မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ အဖွဲ့ခွဲ(၄၀၂)တွင် လည်းကောင်း၊ မတ် ၃၁ရက်မှ ဧပြီ ၄ရက်အထိ မော်ဘီမြို့နယ် မြောက်ချောကုန်းကျေးရွာ ထွင့်ထိပ်ချမ်းသာ ဓမ္မရိပ်သာကြီးတွင် လည်းကောင်း မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဝိပဿနာတရားတော်များကို ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များအား လှိုင်းတက်ကျေးရွာရှိ မန္တလေးတိုင်း ခရိုင်ချင်းဆက်လမ်း အမှတ်(၂) ဖောက်လုပ်ခြင်းလုပ်ငန်း ရှင်းလင်းဆောင်၌ ညွှန်ကြားရေးမှူး ဦးကံလှက အထက်ပေါင်းလောင်းဆည်နှင့် လမ်းပိုင်းအခြေအနေ၊ မန္တလေးတိုင်းအတွင်းရှိ လမ်းပိုင်းများအခြေအနေနှင့် ဆောင်ရွက်ဆဲလမ်းပိုင်းများအခြေအနေတို့ကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က ဖြည့်စွက်တင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ခရိုင်ချင်းဆက်လမ်း အမှတ်(၂) (သာစည်) လှိုင်းတက်-(တပ်ကုန်း)ကင်းသာ လမ်းဆုံမှ ထွက်ခွာလာရာ ညနေ ၅နာရီ ၁၀မိနစ်တွင် မိတ္ထီလာမြို့သို့ ရောက်ရှိပြီး ဧည့်ရိပ်သာ၌ ညအိပ်ရပ်နားသည်။

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် နံနက် ၇နာရီကလည်း မန္တလေးတပ်နယ်ခန်းမ၌ မန္တလေးတပ်နယ်ရှိ အရာရှိ၊ စစ်သည် မိသားစုဝင်များနှင့်တွေ့ဆုံ၍ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ စနစ်တကျဆောင်ရွက်ရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ဝိုင်းဝန်းပါဝင်ဆောင်ရွက်ရေးနှင့် ကြက်ဆူပင်စိုက်ပျိုးရေးတို့ကို ရှင်းလင်းမှာကြားပြီး အရာရှိ၊ စစ်သည် မိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

(သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညာဏ်ဝင်းအား ဂျပန်နိုင်ငံအောက်လွှတ်တော် အမတ်အယ်လ်ဒီပီပါတီ၏ နိုင်ငံခြားရေးမူဝါဒ ညှိနှိုင်းမှုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံခြားရေးဝန်ကြီးဟောင်း မစ္စတာ နိဘူတာကာ မချိမူရာနှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ဝန်ကြီး ဦးညာဏ်ဝင်းအား ဂျပန်အောက်လွှတ်တော်အမတ် တွေ့ဆုံ

ရန်ကုန် မတ် ၁၄

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညာဏ်ဝင်းအား မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီး ရောက်ရှိနေသော ဂျပန်နိုင်ငံအောက်လွှတ်တော်အမတ် အယ်လ်ဒီပီပါတီ၏ နိုင်ငံခြားရေးမူဝါဒညှိနှိုင်းမှုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံခြားရေးဝန်ကြီးဟောင်း မစ္စတာ နိဘူတာကာမချိမူရာနှင့်အဖွဲ့သည် ယနေ့ ညနေ ၃နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဇီဇဝါရိပ်သာသို့ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံအကျိုးတူကိစ္စရပ်များကို ဆွေးနွေးကြသည်။ ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး မစ္စတာ နိဘူတာကေး အိုဒါနိုးနှင့် သံမှူး မစ္စတာ အိချိရိမာရူယားမားတို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

စမ်းသပ်ကြည့်ရှု ကုသပေး

ရန်ကုန်မြို့ မျက်စိအထူးကုဆေးရုံကြီးမှ ပါမောက္ခ ဒေါက်တာကံညွန့် ခေါင်းဆောင်သော မျက်စိအထူးကုအဖွဲ့မှ မျက်စိအထူးကုဆရာဝန်များ သထုံခရိုင် ပြည်သူ့ဆေးရုံကြီးတွင် မျက်စိဝေဒနာရှင်လူနာများအား စမ်းသပ်ကြည့်ရှုကုသပေးစဉ်။ (သတင်းစဉ်)

သထုံခရိုင်အတွင်းရှိ မျက်စိဝေဒနာရှင်များအား မျက်စိအထူးကုအဖွဲ့ အခမဲ့ ကွင်းဆင်းခွဲစိတ်ကုသ

ရန်ကုန် မတ် ၁၄

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး၏ စီစဉ်မှုဖြင့် ရန်ကုန်မြို့ မျက်စိအထူးကုဆေးရုံကြီးမှ ပါမောက္ခ ဒေါက်တာကံညွန့်ခေါင်းဆောင်သော မျက်စိအထူးကုအဖွဲ့သည် မတ် ၈ရက်မှ ၁၀ရက်အထိ မွန်ပြည်နယ် သထုံမြို့သို့ သွားရောက်၍ မျက်စိအခမဲ့ ခွဲစိတ်ကုသမှုလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ပေးရာ မျက်စိအထူးကုဆရာဝန်ကြီးများဖြစ်ကြသော ဒေါက်တာအေးအေးခိုင်၊ ဒေါက်တာနီလာသိန်း၊ ဒေါက်တာစိုးဝင်းဌေး၊ ဒေါက်တာညိုညိုမင်း၊ ဒေါက်တာစောသွင်မွန်သိန်း၊ ဒေါက်တာစန္ဒာမြင့်နှင့် သူနာပြုဆရာမများဖြစ်ကြသော နော်မရှီးတာဦး၊ ဒေါ်ခင်သန်းမြင့်၊ ဒေါ်ယုဝါမောင်တို့ ပါဝင်ကြပြီး သထုံခရိုင် ပြည်သူ့ဆေးရုံကြီး၌ မျက်စိဝေဒနာရှင်လူနာပေါင်း ၁၈၇၇ဦးတို့အား စမ်းသပ်ကြည့်ရှု ကုသပေးခဲ့ကြကာ အတွင်းတိမ်ဝေဒနာရှင်နှင့် မျက်စိရောဂါဝေဒနာရှင် စုစုပေါင်း ၂၂၃ဦးတို့အား အတွင်းတိမ်စွဲ၊ မှန်ထည့်၊ အခမဲ့ ခွဲစိတ်ကုသပေးကြသည်။

အဆိုပါအဖွဲ့ကို ရွှေပါရဂူတောရဆရာတော် အရှင်ဆန္ဒာဓိက၊ သထုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးသော်ဇင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးချမ်းငြိမ်းအောင်၊ သထုံခရိုင် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမျိုးဝင်းနှင့် အထူးကုဆရာဝန်ကြီးများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ "အလင်းစေတမန်" အဖွဲ့သားများနှင့် အလှူရှင်များက လိုအပ်သည်များကို ပံ့ပိုးကူညီပေးကြသည်။ အဆိုပါခရီးစဉ်တွင် လိုအပ်သော မျက်စိခွဲစိတ်ကုသမှုဆိုင်ရာ ဆေးဝါးပစ္စည်းများကို ရွှေပါရမီတောရ ဆရာတော် အရှင်ဆန္ဒာဓိကနှင့် ဒါယကာ၊ ဒါယိကာမများက လှူဒါန်းကြပြီး ဆေးကုမ္ပဏီများဖြစ်ကြသည့် Alcon, Ashford, Ciba, Cipla, Fourteen Star Network ကုမ္ပဏီများကလည်း ဆေးဝါးပစ္စည်းများကို လှူဒါန်းခဲ့ကြသည်။

(သတင်းစဉ်)

✧ **မြန်မာ့ကျောက်မျက်မှ**

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်သည် မြန်မာ့ကျောက်မျက်ရတနာ ခန်းမမြေညီထပ်ရှိ ကျောက်မျက်ရတနာ အရောင်းဆိုင်များနှင့် ကျောက်ကပ်ပန်းချီ အရောင်းဆိုင်များကို လည်းကောင်း၊ ခန်းမဝန်းကျင်၌ ခင်းကျင်းပြသထားသော ကျောက်စိမ်းအရည်ကျောက်၊ အထည်ကျောက်၊ အသားကျောက်အရိုင်းတုံးများကို လည်းကောင်း၊ ခန်းမအပေါ်ထပ်၌ ခင်းကျင်းပြသထားသော ကျောက်မျက်ရတနာ အတွဲများနှင့် ပုလဲရတနာအတွဲများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ (၄၃)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီဝင်များက လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် ၂၀၀၆ခုနှစ် (၄၃)ကြိမ်မြောက်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ ဒုတိယအကြိမ် အစည်းအဝေးကို မြန်မာ့ကျောက်မျက်ရတနာ ခန်းမ၌ ဆက်လက်ကျင်းပရာ ပြပွဲဗဟိုကော်မတီ နာယက သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် တက်ရောက်၍ အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် ၂၀၀၆ခုနှစ် (၄၃)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတက်ရောက်ရန် ပြည်ပနိုင်ငံအသီးသီးရှိ ရတနာကုန်သည်များထံမှ ပြန်ကြားချက်ရရှိမည့် အခြေအနေများကိုလည်းကောင်း၊ ဆပ်ကော်မတီများဖြစ်ကြသည့် ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ၊ စီမံရေးရာ၊ လုံခြုံရေးနှင့် ပြန်ကြားရေးဆပ်ကော်မတီများမှ တာဝန်ရှိသူများက ကျောက်မျက်ရတနာများ ခင်းကျင်းပြသထားမှု အခြေအနေများကိုလည်းကောင်း၊ သက်ဆိုင်ရာ ကဏ္ဍအသီးသီးက ပြပွဲအတွက် စီမံဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း အသီးသီး တင်ပြဆွေးနွေးကြသည်။

ယင်းနောက် အထွေထွေအပိုင်းတွင် ပြပွဲဗဟိုကော်မတီ ဥက္ကဋ္ဌ၊ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းနှင့် ပြပွဲဗဟိုကော်မတီ အတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေတို့က (၄၃)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲနှင့် ပတ်သက်၍ လိုအပ်ချက်များကို အကြံပြုဆွေးနွေးတင်ပြကြသည်။

ထို့နောက် ၂၀၀၆ ခုနှစ် (၄၃)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ နာယက၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

☆ **ဝန်ကြီးမှ**

ချဉ်းကပ်တံတားလှိုင်သာယာဘက်နှင့် ဒလဘက်တို့၌ ဘိုးပိုင်တူးခြင်း နောက်ဆုံးတစ်လုံး ဆောင်ရွက်နေဆဲ ဖြစ်ပြီး ပိုင်တိုင်ထိပ်အုပ်ခုနစ်ခုနှင့် တံတားတိုင်လုပ်ငန်း၂၇တိုင် ဆောင်ရွက်ရန် ကျန်ရှိလျက် ၆၅ပေ သံကူကွန်ကရစ်ရက်မ ၂၅၆ချောင်း သွန်းလောင်းရန်ရှိရာ ၆၁ ချောင်းသွန်းလောင်းပြီးစီးသဖြင့် ကျန်လုပ်ငန်းများ သတ်မှတ်ရက်အတွင်း အချိန်မီပြီးစီးရေး နေ့ရောညပါ ဆောင်ရွက်လျက်ရှိသည်။

(သတင်းစဉ်)

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် ၂၀၀၆ ခုနှစ် (၄၃)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ ဒုတိယအကြိမ် အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

တပေါင်းလပြည့် မြတ်ဗုဒ္ဓ ပြည်တော်ဝင် အခါတော်နေ့ ကျင်းပ

ရန်ကုန် မတ် ၁၄

သာသနာရေးဝန်ကြီးဌာန အခြေခံဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်း နည်းပြဆရာတော် ဘဒ္ဒန္တ ပညာသာမိ(မာဂဓီ–သာစည်)ဆရာတော် ဦးဆောင်သော သင်တန်းသား၊ သင်တန်းသူများသည် ယမန်နေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ဝင်း မဟာသိမ်တော်ကြီး၌ တပေါင်းလပြည့် မြတ်ဗုဒ္ဓပြည်တော်ဝင် အခါတော်နေ့ အခမ်းအနားကို ကျင်းပရာ ရွက်ဟောင်းကြွေကျ ရွက်သစ်စသည့် တပေါင်းလ၏ သာယာကြည်နူးပုံကိုပြဆိုသည့် **“အင်္ဂါရိနော”** ဂါထာကို သင်တန်းသူ မအေးအေးအောင်က **“ကြည်နူးဖွယ်ကောင်း လတပေါင်း”** အမည်ဖြင့်လည်းကောင်း၊ ဥဒေါင်းငှက်တွန်သံတို့ဖြင့် တပေါင်းလ၏ ကြည်နူးသာယာပုံကိုပြဆိုသည့် **“မယူရသံဃာ”** ဂါထာကို ကာဗျဒါယီကိုယ်စား သင်တန်း သူ မသန္တာအောင်က **“ဒေါင်းသံသာစွ တပေါင်းလ”** အမည်ဖြင့်လည်းကောင်း အသီးသီး ရွတ်ဆိုပူဇော်ကြသည်။

ယင်းနောက် သင်တန်းသား၊ သင်တန်းသူများက တပေါင်းလပြည့် ဗုဒ္ဓပြည်တော်ဝင် အခါတော်နေ့အကြောင်း သိမှတ်ဖွယ်ရာများကိုလည်းကောင်း၊ မြတ်စွာဘုရား ကပိလဝတ်နေပြည်တော်သို့ ကြွတော်မူခြင်းဖြင့်ဗုဒ္ဓသာသနာတော်၌ ဖြစ်ပေါ်လာသော အကျိုးဆက်များကို သင်တန်းသူ မစိမ်းလဲ့လဲ့အောင်က လည်းကောင်း၊ ဆရာတော် မာဂဓီ–သာစည် ရေးသားသော **“စံပယ်လေးရုံ”** ဂါထာကို သင်တန်းသူ မနီလာထွန်းက လည်းကောင်း၊ ကာဗျဒါယီ လျှောက်ထားသည့် နောက်ဆုံးဂါထာကို သင်တန်းသူ မချောဆုလှိုင်က လည်းကောင်း၊ ရှင်အုန်းညိုရေးဖွဲ့သည့် ဂါထာခြောက်ဆယ်ပျို့မှ စာပိုဒ်ကို သင်တန်းသူ မဖြူပြာထွန်းကလည်းကောင်း အသီးသီး သံပြိုင်ညီညာ ရွတ်ဖတ်ပူဇော်ကြပြီး မေတ္တာပို့ အမျှဝေကြသည်။ (သတင်းစဉ်)

☆ **ဂျပန်နိုင်ငံမှ**

စက်ရုပ်၏ ဝမ်းဗိုက်အတွင်း ရေခဲသေတ္တာငယ်ပါရှိသည်။ ခြောက်ဘူးအထိ သိုလှောင်ထားနိုင်ကာ ရေခဲစိမ်အအေးကို သောက်မည့်သူ၏ ဖန်ခွက်အတွင်းသို့ ငှဲ့ပေးနိုင်ရန် စီမံပြုလုပ်ထားသည်။

စက်ရုပ်အလုပ်သမားသည် လူတို့အား ပျော်တော်ဆက်ပေးခြင်းဖြင့် ထုတ်ကုန် အရောင်းမြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း စက်ရုပ်ဗေဒကျွမ်းကျင်သူပညာရှင်အချို့က ရှုမြင်ကြသည်။

သို့ရာတွင် ယင်းစက်ရုပ်သည် မျက်မှောက်ကာလ သုတေသနစက်ရုပ်များ၏ စံချိန်စံညွှန်းများနှင့် ကိုက်ညီမှုမရှိကြောင်း၊ အဆိုပါစက်ရုပ်သည် အဆင့်မြင့်နည်းပညာသုံး စက်ရုပ်တစ်မျိုးမဟုတ်သော်လည်း ထွက်ကုန်ပစ္စည်းများအား ကြော်ငြာရာတွင် လူအများစိတ်ဝင်စားမှုရှိအောင် တစ်ခန်းတစ်ကဏ္ဍမှ အထောက်အကူပေးနိုင်ရန်သာ ရည်ရွယ်ကြောင်း စက်ရုပ်ဗေဒပညာရှင်တစ်ဦးက ပြောကြားသည်။

ဂျပန်နိုင်ငံတွင် နေအိမ်သုံးဝန်ဆောင်မှုပေးမည့် စက်ရုပ်များကို စက်ရုပ်ပညာရှင်များက အပြိုင်အဆိုင်ထုတ်လုပ်နိုင်ရန် ကြိုးပမ်းလျက်ရှိကြပြီး နေအိမ်သုံးစက်ရုပ်များ ဝယ်လိုအားတိုးတက်လာမည့် အလားအလာများပေါ်ထွန်းလျက်ရှိသည်။ ***အင်တာနက်။***

ဝန်ကြီး ဒေါက်တာချမ်းငြိမ်း ပျဉ်းမနားမြို့ရှိ တက္ကသိုလ်ဝင်စာမေးပွဲ စာဖြေဌာနများစစ်ဆေး
နိုင်ငံတစ်ဝန်းလုံးရှိ စာဖြေဌာန ၁၂၀၉ ခု၊ နိုင်ငံခြားစာဖြေဌာန ၁၄ ခုတို့တွင် စာမေးပွဲများကျင်းပ

ရန်ကုန် မတ် ၁၄

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်၊ ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်းနှင့် အမှတ်(၂) အခြေခံပညာဦးစီးဌာနမှ တာဝန်ရှိသူများလိုက်ပါလျက် ၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ စာဖြေဌာနဖြစ်သည့် ပျဉ်းမနားမြို့ အထက(၁) စာဖြေဌာနသို့ ယနေ့ နံနက် ၉နာရီ မိနစ် ၂၀တွင် ရောက်ရှိပြီး ကြီးကြပ်ရေးမှူးနှင့် လက်ထောက်ကြီးကြပ်ရေးမှူးများအား စာမေးပွဲဖြေဆိုလျက်ရှိသည့် ကျောင်းသား ကျောင်းသူများ စိတ်လက်ကြည်သာစွာ ဖြေဆိုနိုင်ရေး၊ စနစ်တကျ စည်းကမ်းတကျဖြေဆိုနိုင်ရေးတို့ကို မှာကြားသည်။

ဝန်ကြီးနှင့်အဖွဲ့သည် အဆိုပါကျောင်းရှိ ရွှေရတုစာကြည့်တိုက်ခန်းမ၌ မန္တလေးတိုင်း ပညာရေးမှူး၊ ပျဉ်းမနားမြို့နယ်ပညာရေးမှူးနှင့် တာဝန်ရှိသူများအား တွေ့ဆုံ၍ စာမေးပွဲဆိုင်ရာလုပ်ငန်းများကို စည်းကမ်းတကျ ဆောင်ရွက်ကြစေရန်မှာကြားပြီး လုံခြုံရေးတာဝန်ကျ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့်အဖွဲ့အား ၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် စနစ်တကျ၊ စည်းကမ်းတကျ ဖြေဆိုနိုင်ရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရန်မှာကြားသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ပျဉ်းမနားမြို့ အထက(၂) စာဖြေဌာနသို့ရောက်ရှိပြီး စာဖြေဌာန ကြီးကြပ်ရေးမှူးနှင့်အတူ စာဖြေခန်းများကို လိုက်လံကြည့်ရှု အားပေးသည်။ စာဖြေသူများစနစ်တကျ ဖြေဆိုနေကြသည်ကိုတွေ့ရှိရပြီး ဝန်ကြီးက ကြီးကြပ်ရေးမှူးနှင့် လက်ထောက်ကြီးကြပ်ရေးမှူးများအား စာမေးပွဲဆိုင်ရာ စည်းကမ်းများကို တိကျစွာလိုက်နာ ဆောင်ရွက်ကြရန် မှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် ပျဉ်းမနားမြို့ အလက(၁) စာဖြေဌာနသို့ရောက်ရှိပြီး စာဖြေဌာန ကြီးကြပ်ရေးမှူးနှင့်အတူ စာဖြေခန်းများကို လှည့်လည်ကြည့်ရှု အားပေး၍ လိုအပ်သည်များကို ဆွေးနွေးမှာကြားပြီး အလက(၁)တွင် ပြင်ဆင်ရန်လိုအပ်သည့် စာသင်ဆောင်များကို ပြန်လည်ပြုပြင်ရန် မှာကြားသည်။ ၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို နိုင်ငံတစ်ဝန်းလုံးတွင် စာဖြေဌာန ၁၂၀၉ခု၊ နိုင်ငံခြားစာဖြေဌာန ၁၄ခု စုစုပေါင်းစာဖြေဌာန ၁၂၂၃ခုတို့တွင် ယနေ့မှစ၍ ကျင်းပလျက် ရှိသည်။ (သတင်းစဉ်)

မော်တော်ကားမှန်များတွင် စတစ်ကာကပ်ပါက ထိရောက်စွာ အရေးယူမည်

ရန်ကုန်တိုင်းအတွင်း မော်တော်ယာဉ်များတွင် ကားမှန်များအား စတစ်ကာကပ်ခြင်း၊ လေစုပ်ခွက်ကပ်ခြင်း၊ လိုက်ကာများ ကာရံခြင်းဖြင့် အကာအကွယ်ယူ၍ ဒုစရိုက်မှုများ ကျူးလွန်ခြင်းများဖြစ်ပေါ်လျက်ရှိသဖြင့် ၁၉၉၈ ခုနှစ် ဧပြီလမှစ၍ ထိရောက်သောဒဏ်ငွေများ သတ်မှတ်ပြီး အရေးယူခြင်းများ ဆောင်ရွက်ခဲ့သဖြင့် စတစ်ကာကပ်ခြင်းများ ရပ်တန့်သွားခဲ့ပါသည်။ သို့သော် ယခုအခါ အချို့ယာဉ်များသည် မှုခင်းကျဆင်းရေးနှင့် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကို လျစ်လျူရှု၍ စတစ်ကာများ၊ လေစုပ်ခွက်များ၊ လိုက်ကာများ ပြန်လည်တပ်ဆင်ကာ စည်းကမ်းချိုးဖောက်လျက်ရှိကြောင်း တွေ့ရှိနေရပါသည်။

သို့ဖြစ်ပါ၍ ရန်ကုန်တိုင်းအတွင်း စတစ်ကာများ၊ လေစုပ်ခွက်များနှင့် လိုက်ကာများ ကာရံခြင်းများ ပြုလုပ်မောင်းနှင်လျက်ရှိသည့် မော်တော်ယာဉ်များအား ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း နှိုးဆော်အပ်ပါသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

➪ **မကွေးတိုင်းမှ**

ရေပိုလွှဲဒီဇိုင်းရေထုစီးနှုန်း ဧကပေ ၁၄၃၃၀၀၊ ရေအားလျှပ်စစ်တပ်ဆင် အင်အား ၃၅မဂ္ဂါဝပ်နှစ်လုံး၊ နှစ်စဉ်ထုတ်လုပ်မည့် လျှပ်စစ်ဓာတ်အား၃၃၀ကီလိုဝပ် နာရီသန်းပေါင်းနှင့် ဆည်ရေပေးနိုင်မည့်ဧရိယာ ၉၆၇၇၇ဧကရှိကြောင်းသိရှိရသည်။

ကြီးအုံ–ကြီးဝရေလှောင်တမံ၏ ရေစိမ့်တားနံရံ အလျားဂဂ၅ပေအနက် ၅၁ပေနှင့် အထူနှစ်ပေရှိ ကွန်ကရစ်နံရံကြီးကို ၂၀၀၂ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့ပြီး မှန်းချောင်းတွင်းမှ ရေကိုလွှဲထုတ်ရန်အတွက် အလျားပေ ၄၃၀၀၊ အကျယ်ပေ ၁၃၀ ရှိ ရေလွှဲမြောင်း ဖောက်လုပ်ခြင်းလုပ်ငန်းကို ၂၀၀၂ခုနှစ် စက်တင်ဘာလတွင် စတင်ဆောင်ရွက်ခဲ့ရာ ၂၀၀၅ခုနှစ် ဧပြီလက ပြီးစီးခဲ့သည်။ ယခုအခါတွင်ရေလှောင်တမံမြေကြီးဖို့လုပ်ငန်းများကို နေ့ရောညပါ ဆောင်ရွက်လျက်ရှိကြသည်။

ကြီးအုံ–ကြီးဝ ရေလှောင်တမံပြီးစီးသွားပါက မကွေးတိုင်း အနောက်ဘက်ခြမ်း တစ်ခွင်လုံး စိမ်းလန်းစိုပြည်လာမည်ဖြစ်သည်။ ။ (ကြေးမုံ)

ကြီးအုံ–ကြီးဝ ရေလှောင်တမံပြီးစီးမှု တစ်စိတ်တစ်ဒေသကို တွေ့ရစဉ်။

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၅–၃–၂၀၀၆ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇း၁၅ ၂။ **တိပိဋကရေ၊မွေ့ဘဏ္ဍာဂါရိက၊အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိ ပါဠိတော်**
၇း၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၄။ နံနက်ခင်းသတင်း
၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇း၅၀ ၆။ အတီးပြိုင်ပွဲ
၈း၀၀ ၇။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
၈း၁၀ ၈။ အဆိုပြိုင်ပွဲ
၈း၂၀ ၉။ ဘော်ဘင်ရေလှောင်တမံ
၈း၃၀ ၁၀။ International News.
၈း၄၅ ၁၁။ Let'Go.
၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄း၃၀ ၃။ တပ်မတော်နေ့ဂုဏ်ပြုတေးသီချင်း ပြိုင်ပွဲဆုရထားသူများ (၂၀၀၅ ခုနှစ်)
၄း၄၀ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ –ဒုတိယနှစ် (သင်္ချာအထူးပြုအားလုံး) (သင်္ချာ)
၄း၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၅း၀၅ ၆။ အကပြိုင်ပွဲ
၅း၁၀ ၇။ သီချင်းကြီးပဒေသာ
၅း၂၀ ၈။ မြန်မာစာ၊ မြန်မာစကား
၅း၃၅ ၉။ **“အနိုင်အရှုံး” (ပိစိ၊ ကောင်းမြတ်) (ဒါရိုက်တာ–ခင်နွဲ့နွဲ့မူ)**
၅း၄၀ ၁၀။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၅း၅၀ ၁၁။ ရင်းငြိမ်ရေထိန်းတံခါး
၆း၀၀ ၁၂။ ညနေခင်းသတင်း
၆း၃၀ ၁၃။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၄။ သုတစုံလင်ရွှေညဏ်ရှင်
၇း၀၀ ၁၅။ **“သတင်းကောင်း ” (သျှားညို၊ ဆုပန်ထွာ၊ပွင့်) (ဒါရိုက်တာ–ညိုမင်းလွင်)**
၇း၂၀ ၁၆။ (၆၁)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၇း၃၀ ၁၇။ ဆင်းရွှေလီနွေစပါး(အပိုင်း–၂)
၇း၄၀ ၁၈။ ကြားမြင်သုတပြည့်ဝစေရာစာပဒေသာ
၈း၀၀ ၁၉။ ပြည်တွင်းသတင်း
၂၀။ နိုင်ငံတကာသတင်းများ
၂၁။ မိုးလေဝသအခြေအနေ
၂၂။ **“တို့တစ်ရွာလုံးချမ်းသာပြီ” (ဆန်းထွန်း၊ သူသူဟံသာ၊ အကယ်ဒမီဇော်ဦး၊ မိုးဒီ၊ ငွေတောင်၊ တက္ကသိုလ်ငွမ်းပုံ) (ဒါရိုက်တာ–တင်အောင်ရွှေသုတေသီ)**
၂၃။ နောက်တစ်နေ့အစီအစဉ်
၂၄။ အစီအစဉ်ပြီး၏။

ဘွဲ့ခံဆရာတော်များအားဆက်ကပ်ရန် အလှူငွေပေးအပ်လှူဒါန်းပွဲ ကျင်းပ

ရန်ကုန်   မတ်   ၁၄

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ၂၀၀၆ ခုနှစ်တွင် ဆက်ကပ်လှူဒါန်းသည့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို အလှူခံယူရရှိတော်မူကြသည့် ဆရာတော်များအား ဆက်ကပ်လှူဒါန်းရန် အလှူရှင် ရန်ကုန်မြို့ ဗိုလ်ရွှေလမ်း အမှတ်(၁၅၆)နေ ရွှေမြိုင်စတိုးနှင့် ရွှေမြိုင်ဆောက်လုပ်ရေးကုမ္ပဏီမန်နေဂျင်းဒါရိုက်တာ ဦးအောင်လင်း(ခေါ်)မောင်ကောင်းမိသားစုက အလှူငွေ ပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ သာသနာရေးဝန်ကြီးဌာနရုံးချုပ်၌ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရ မြင့်မောင် တက်ရောက်၍ အလှူငွေကို လက်ခံပြီး အလှူရှင်အား မှတ်တမ်းတင်ဂုဏ်ပြုလွှာကို ပြန်လည်ပေးအပ်သည်။

အခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော် မန္တလေးတိုင်း မဟာအောင်မြေ မြို့နယ် မဟာဝိသုဒ္ဓါရုံတိုက်မှ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တမာနိတသိရီဘိဝံသ ကြွရောက်တော်မူပြီး သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရ အောင်ကို၊ အကြံပေးပုဂ္ဂိုလ် ဦးအုံ့မောင်၊ သာသနာရေးဝန်ကြီးဌာနမှဌာနဆိုင်ရာ အကြီးအကဲများ၊ တာဝန်ရှိသူများနှင့် အလှူရှင်တို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီက ၂၀၀၆ ခုနှစ်တွင် ဆက်ကပ် လှူဒါန်းသည့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို အလှူခံယူ ရရှိကြသည့် ဆရာတော်များအား ဆက်ကပ်လှူဒါန်းရန် အလှူငွေကျပ် ၁၀သိန်း တစ်ထောင်နှင့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တမာနိတ သိရီ ဘိဝံသအား နဝကမ္မအလှူငွေများကို အလှူရှင် ဦးအောင်လင်း (ခ) မောင်ကောင်း မိသားစုက ပေးအပ် လှူဒါန်းရာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က လက်ခံပြီး မှတ်တမ်းတင် ဂုဏ်ပြုလွှာကို ပြန်လည်ပေးအပ်သည်။

ထို့နောက် ပရိသတ်တို့က နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တမာနိတ သိရီ ဘိဝံသထံမှ အနုမောဒနာတရားနှင့် ရေစက်ချတရားတို့ကို နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက် သွန်းချအမျှပေးဝေကြသည်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ၂၀၀၆ခုနှစ်တွင် ဆက်ကပ်လှူဒါန်းသည့် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များကို အလှူခံယူ တော်မူရရှိကြသည့် ဆရာတော်များအား ဆက်ကပ်လှူဒါန်းရန် သာသနာရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်ထံ အလှူရှင် ရွှေမြိုင်စတိုးနှင့် ရွှေမြိုင်ဆောက်လုပ်ရေးကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးအောင်လင်း (ခ)မောင်ကောင်းမိသားစုက အလှူငွေပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

အဘိဓမ္မာပြန့်ပွားရေး အသင်းပူဇော်ပွဲ

ရန်ကုန် မတ် ၁၄

ရန်ကုန်မြို့ အဘိဓမ္မာပြန့်ပွားရေး အသင်းကြီး၏ (၄၆)ကြိမ်မြောက် ဩဝါဒါစရိယပူဇော်ပွဲနှင့် သင်တန်းပြ ဆရာကြီးများအား ဂုဏ်ပြုပွဲကို မတ် ၁၇ရက် (သောကြာနေ့) နံနက်၉ နာရီ တွင် ဗဟန်းမြို့နယ် ဗဟန်းလမ်းမရှိ အဘိဓမ္မရတနာဃရ ဓမ္မဗိမာန်တော်ကြီး၌ ကျင်းပမည်ဖြစ်ရာ အလှူရှင်များ၊ အသင်းသူ၊ အသင်းသားများနှင့် သင်တန်းသားများ ကြွရောက်ပူဇော် ကြပါရန်ဖိတ်ကြားထားသည်။(က-ပ)

အောင်တော်မူစေတီ ဗုဒ္ဓပူဇနီယပွဲတော်နှင့် ရွှေထီးတော်သစ် တင်လှူပူဇော်ပွဲကျင်းပ

ရန်ကုန်   မတ်   ၁၄

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် အမှတ်(၈)ရပ်ကွက် စွယ်စုံ(ဓွဲစုံ) သာသနာ့ရာမကျောင်းတိုက်အတွင်းတည်ထားကိုးကွယ်လျက်ရှိသောသမိုင်းဝင် အောင်တော်မူစေတီတော် မြတ်ကြီး ဗုဒ္ဓပူဇနီယပွဲတော်နှင့် ရွှေထီးတော်အသစ် တင်လှူပူဇော်ပွဲကို မတ် ၁၂ ရက် နံနက်ပိုင်းတွင် အဆိုပါစေတီတော်မြတ်ကြီး၌ ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံတော်ဩဝါဒါစရိယ လှိုင်မြို့နယ် ပဏ္ဍိတာရာမကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပဏ္ဍိတထံမှ ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော်အရှင်သူမြတ်များက ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြသည်။

ယင်းနောက် အလှူရှင်များက စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ပိန္နဲတိုင် အစရှိသည့် လှူဖွယ်ပစ္စည်းများကို စေတီတော်ကြီးအား ရည်စူး၍ ဆရာတော်ကြီးများထံ ဆက်ကပ်လှူဒါန်းကြကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြပြီး စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံ အဆင့်ဆင့်တို့ကို တင်လှူပူဇော်ကြသည်။**(အပေါ်ပုံ)**

ထို့နောက် သာသနာရာမကျောင်းတိုက် ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဓမ္မပိယ အမှူးပြုသော ပင့်သံဃာတော်များအား အလှူရှင်၊ စေတနာရှင်များက ဆွမ်းဆန်စိမ်းလောင်းလှူကြသည်။ (သတင်းစဉ်)

ကျိုက်မှော်ဝန်း ရေလယ်စေတီတော် ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပ

ရန်ကုန် မတ် ၁၄

ရန်ကုန်တိုင်း ကျောက်တန်းမြို့ ကျိုက်မှော်ဝန်း ရေလယ်စေတီတော် မြတ်ကြီး၏ (၉၆)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်နှင့် ရှင်ဥပဂုတ္တ ရဟန္တာ အရှင်မြတ်ကြီးအား ရည်မှန်း၍ ဆွမ်းသပိတ်မျှောပူဇော်ပွဲကို တပေါင်း လပြည့်နေ့ နံနက်အရုဏ်တက်ချိန် တွင် ယင်းစေတီတော်မြတ်ကြီး၏ ရင်ပြင်၌ကျင်းပရာ ပရိသတ်တို့က စေတီတော်မြတ်ကြီးအား သစ်သီး ဆွမ်းများဖြင့် ဆက်ကပ်လှူဒါန်း ကြပြီးလက်ယာရစ်ပတ်ကာ ရှင်ဥပဂုတ္တ အရှင်မြတ်ကြီးအား ဆွမ်းသပိတ်မျှော ပူဇော်ကြသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ စေတီတော်မြတ်ကြီး ၏ နာယကအဖွဲ့ ဩဝါဒါစရိယဆရာ တော်များနှင့် သံဃာတော် အပါး ၃၀တို့အား ကျိုက်မှော်ဝန်းရေလယ် စေတီတော် ဘုရားဒါယကာကြီး (အမိန့်တော်ရမင်းဦးဘထွန်း- ဒေါ်ဒေါ်သက်)တို့၏ သား ဘုရားဒါယကာ ဦးကျော်သန်း(ကွယ်လွန်)နှင့် ကွယ်လွန်သူ နှစ်ဖက်မိဘ ဆွေမျိုးများအား ရည်စူး၍ မြေးဖြစ်သူ ဒေါ်ရင်မြိုင်နှင့် ရန်ကုန်မြို့ ဗိုလ်ချုပ်ဈေးသစ် ယမင်းရွှေ စင်ထရေးဒင်းမှ သားသမီးမြေးတစ်စုတို့ကအရုဏ်ဆွမ်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆွမ်းဆန်စိမ်းလောင်းလှူ

ယင်းနောက် ပရိသတ်တို့က လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြပြီး ရေလယ်စေတီတော် ဂေါပကအဖွဲ့၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်ခင်နှင့် စေတနာရှင် ပြည်သူများက ဘုရားအမှူးပြုသော သံဃာတော်အပါး ၁၅၇ ပါးတို့အား စာရေးတံမဲ ပဒေသာပင်များ မဲဖောက်ကြ၍ ဆွမ်းဆန်စိမ်း လောင်းလှူကြသည်။ (သတင်းစဉ်)

မော်လမြိုင်မြို့ သမိုင်းဝင် ရွှေတောင်ကျောင်းတိုက်၏ ပရိဝုဏ်အတွင်း ငွေကျပ် သိန်း၃၀၀ အကုန်အကျခံတည်ဆောက်ဆဲဖြစ်သည့် သိမ်အဆောက်အအုံသစ်အတွက် မတ် ၉ရက်က ဖခင်ကြီး ဦးခင်မောင်(ကွယ်လွန်)အား ရည်စူး၍ကျောင်းထိုင်ဆရာတော်သာသနာပြု နယ်လှည့်ဓမ္မကထိက ဘဒ္ဒန္တဝိမလထံ ရန်ကုန်မြို့ ဘုရင့်နောင်ပွဲရုံတန်း အမှတ်(စ/၄၉)အေ၊ စိန်ပန်းလမ်း (ငရုတ်အမျိုးမျိုးနှင့် နနွင်းတက်ရောင်းဝယ်ရေး) ဒေါ်အုန်းမေ၊ သမီး မမြတ်သဒ္ဒါစိုး မိသားစုက ငွေကျပ်တစ်သိန်း ဆက်ကပ်လှူဒါန်းစဉ်။ (၂၅၇)

မိုးကုတ်ဝိပဿနာ သင်္ကြန်တရားစခန်းပွဲ

ရန်ကုန် မတ် ၁၄

မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ တရားစခန်းပွဲကို ကံသာအနောက်ကျောင်း (ဝဲကျွန်းထိန်သစ်ရပ်၊ ထားဝယ်မြို့)၌ ဧပြီ၁ရက် (တန်ခူးလဆန်း ၁၄ ရက်) မှ ဧပြီ ၁၇ ရက် (နှစ်ဆန်း ၁ ရက်) အထိ ဖွင့်လှစ်မည်ဖြစ်သည်။

မိုးကုတ်ဝိပဿနာ သင်္ကြန်တရားစခန်းပွဲတွင်နယ်လှည့်ဓမ္မကထိက အရှင်သုန္ဒရ ကမ္မဋ္ဌာနာစရိယ ဆရာတော်က ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဟောကြားမည်ဖြစ်ရာ တရားစခန်းဝင်လိုသော ယောဂီများနှင့် လှူဒါန်းလိုသူများသည် ကံသာအနောက်ကျောင်း ဆရာတော်ထံ ကြိုတင်စာရင်း ပေးသွင်းလှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

အခြေခံပညာမူလတန်းကျောင်း အမှတ်(၁) မင်္ဂလာတောင်ညွန့်မြို့နယ်၏ ၂၀၀၅-၂၀၀၆ခုနှစ် မူလတန်းအဆင့် သင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်ပွဲ ကို မတ်၉ရက်က ကျောင်းခန်းမတွင် ပြုလုပ်ရာ စတုတ္ထတန်းကျောင်းသူ မဝင်းလဲ့ဖြိုးအား ကျောင်းအုပ်ဆရာမကြီး ဒေါ်စိုးစိုးလှိုင် သင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်စဉ်။

(ပညာရေး)

စာကြည့်တိုက်ရှင်သန်ဖွံ့ဖြိုးရေး ချောင်းဆုံမြို့၌ ညှိနှိုင်းဆွေးနွေး

ချောင်းဆုံ   မတ်   ၁

မွန်ပြည်နယ် မော်လမြိုင်ခရိုင် ချောင်းဆုံမြို့နယ်တွင် ဖေဖော်ဝါရီ ၂၈ရက်က စာကြည့်တိုက်ရှင်သန်ဖွံ့ဖြိုးရေး ညှိနှိုင်းဆွေးနွေးပွဲကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်မောင်မြင့်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်စမ်းစမ်းနွယ်က စာကြည့်တိုက်ရှင်သန် ဖွံ့ဖြိုးရေး ကိစ္စရပ်များကို ဆွေးနွေးသည်။

အခမ်းအနားသို့ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဆွေနှင့် အဖွဲ့ဝင်များ မြို့နယ်အတွင်းရှိ ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်မှ စာကြည့်တိုက်မှူးများ တက်ရောက်ကြသည်။

(မြို့နယ်/ပြန်ဆက်)

မြန်မာနိုင်ငံ ပြင်ပနေရာ၌ အင်အားပြင်း ငလျင်လှုပ်ရှား

ရန်ကုန်   မတ်   ၁၄

ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၁နာရီ ၂၇မိနစ် ၃၄စက္ကန့်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ အရှေ့တောင်ဘက်မိုင် ၂၅၀၀ခန့် ကွာဝေးသော မြန်မာနိုင်ငံ ပြင်ပနေရာ (အင်ဒိုနီးရှားနိုင်ငံ စီရန်ဒေသ)ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၆ ဒသမ ၈အဆင့်ရှိ အင်အားပြင်းထန်သည့် မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှု ဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

(၆၁)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် စာစီစာကုံးနှင့် ကဗျာ၊ ဆောင်းပါးပြိုင်ပွဲ ဆုရသူများကြေညာ

ရန်ကုန် မတ် ၁၄

၂၀၀၆ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံ၊ ကျွမ်းကျင်ပညာရှင်အဆင့်နှင့် အခြေခံကျောင်းများ စာပေအနုပညာပြိုင်ပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီက တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံအဆင့်၊ အခြေခံပညာအထက်တန်းအဆင့်နှင့် အခြေခံပညာအလယ်တန်းအဆင့် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲများကိုလည်းကောင်း၊ ကျွမ်းကျင်ပညာရှင်အဆင့် ဆောင်းပါးပြိုင်ပွဲကိုလည်းကောင်း ကျင်းပခဲ့သည်။ ပြိုင်ပွဲဝင် စာစီစာကုံး၊ ကဗျာနှင့် ဆောင်းပါးများကို စာမူစိစစ်ရေးအဖွဲ့များက အဆင့်ဆင့်စိစစ်ရွေးချယ်ပြီး ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆု အသီးသီးရရှိကြသူများစာရင်းကို သက်ဆိုင်ရာက ထုတ်ပြန်ကြေညာသည်။

တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဗိုလ်လောင်းရဲဘုန်းကျော် တတိယနှစ် ကွန်ပျူတာစစ်တက္ကသိုလ် ပြင်ဦးလွင်က ပထမ၊ မဝင်းသူ စတုတ္ထနှစ် စစ်ကိုင်း ပညာရေးတက္ကသိုလ်က ဒုတိယ၊ ဗိုလ်လောင်းချမ်းငြိမ်းသူ နောက်ဆုံးနှစ်အမ်ဘီဘီအက်စ် (အပိုင်း-ခ) တပ်မတော်ဆေးတက္ကသိုလ် ရန်ကုန်က တတိယ အသီးသီး ရရှိကြသည်။ အထူးဆုများအဖြစ် မောင်ဇော်ထက်လင်း ပထမနှစ် မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်၊ မမို့မို့လွင် ဒုတိယနှစ် သိပ္ပံတွဲ မော်လမြိုင်ပညာရေးကောလိပ်၊ မစုလှဲ့ရည်အောင် တတိယနှစ် အင်္ဂလိပ်စာ ပုသိမ်တက္ကသိုလ်၊ မောင်နိုင်ရဲထူး တတိယနှစ် ဘီဒီအက်စ် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် ရန်ကုန်၊ မနှင်းဥရည် ဒုတိယနှစ် ဘီအီးဒီ ရန်ကုန်ပညာရေးတက္ကသိုလ်တို့က အသီးသီးရရှိကြသည်။

တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံအဆင့် ကဗျာပြိုင်ပွဲတွင် ဗိုလ်လောင်းချမ်းငြိမ်းသူ နောက်ဆုံးနှစ် အမ်ဘီဘီအက်စ် (အပိုင်း-ခ) တပ်မတော်ဆေးတက္ကသိုလ် ရန်ကုန်က ပထမ၊ မောင်သီဟထွန်း နောက်ဆုံးနှစ် အမ်ဘီဘီအက်စ်(အပိုင်း-ခ) ဆေးတက္ကသိုလ်(၂) ရန်ကုန်က ဒုတိယ၊ မောင်စောမောင် ဆရာအတတ်ပညာ ဒီပလိုမာသင်တန်း ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် စစ်ကိုင်းက တတိယ အသီးသီးရရှိကြသည်။ အထူးဆုများအဖြစ် ဗိုလ်လောင်းထွန်းပြည့်အောင် ဒုတိယနှစ် အီလက်ထရွန်းနစ် စစ်တက္ကသိုလ် ပြင်ဦးလွင်၊ မဆုဝတီနွယ် ဒုတိယနှစ် ကွန်ပျူတာသိပ္ပံ ရန်ကုန် ကွန်ပျူတာတက္ကသိုလ်၊ မောင်မင်းကျော်စွာ ပထမနှစ် သိပ္ပံတွဲ ပုသိမ်ပညာရေးကောလိပ်၊ မမေအိမ်စည်ဦး ဒုတိယနှစ် ပန်းချီ ယဉ်ကျေးမှုတက္ကသိုလ် ရန်ကုန်၊ ဗိုလ်လောင်းနိုင်ထွန်းအောင် နောက်ဆုံးနှစ် စက်မှုအင်ဂျင်နီယာ တပ်မတော်နည်းပညာ တက္ကသိုလ် ပြင်ဦးလွင်တို့က အသီးသီးရရှိကြသည်။

အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် မရွှေစင် နဝမတန်း အထက(၁) တောင်ဥက္ကလာပက ပထမ၊ မမေကြည်မြင့်သိန်း နဝမတန်း အထက(၁) ပဲခူးက ဒုတိယ၊ မဖြိုးသဉ္ဇာခင် အဋ္ဌမတန်း အလက(၁) ပုသိမ်က တတိယ အသီးသီးရရှိကြသည်။ အထူးဆုများအဖြစ် မလဝန်းသော်တာ နဝမတန်း အထက(၂) သထုံ၊ မဥမ္မာစိန် အဋ္ဌမတန်း အထက(၈) အောင်မြေသာစံ မန္တလေး၊ မသက်ထားဆွေနွယ် အဋ္ဌမတန်း အထက(၁) ပြည်၊ မောင်ထက်ပိုင်ကျော် အဋ္ဌမတန်း အထက(၂)ကလော၊ မနန်းဝေဝေဖြိုး အဋ္ဌမတန်း အလက(၃) မြစ်ကြီးနားတို့က အသီးသီးရရှိကြသည်။

အခြေခံပညာ အထက်တန်းအဆင့် ကဗျာပြိုင်ပွဲတွင် မောင်ကောင်းဝေဦး နဝမတန်း အထက(၁) ပဲခူးက ပထမ၊ မသိမ့်ဒါလီ အဋ္ဌမတန်း အထက(၃)ဒဂုံက ဒုတိယ၊ မောင်အောင်သက်မိုး အဋ္ဌမတန်း အထက(၆) ပုသိမ်က တတိယအသီးသီးရရှိကြသည်။ အထူးဆုများအဖြစ် မရွှေယဉ်မင်းဦး နဝမတန်း အထက(၃) မြစ်ကြီးနား၊ မနန်းအိမ့်ခြွေကြွယ် အဋ္ဌမတန်း အလက(၂) တောင်ကြီး၊ မဝင့်ဝါဖြိုး နဝမတန်း အထက သုံးဆယ်၊ မောင်ဝေယံကျော် နဝမတန်း အထက(၇) မော်လမြိုင်၊ မချောဝင့်ဝင့်မွန် နဝမတန်း အထက(၁) မြိတ်တို့က အသီးသီးရရှိကြသည်။

အခြေခံပညာအလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် မောင်ရှမွေလဒေါင်ခေါင် သတ္တမတန်း အလက (၃) မြစ်ကြီးနားက ပထမ၊ မမေမြတ်မှူးအောင် ဆဋ္ဌမတန်း အထက(၁) ပဲခူးက ဒုတိယ၊ မကေခိုင် သတ္တမတန်း အထက(၃) ဒဂုံ(မြောက်)က တတိယ အသီးသီးရရှိကြသည်။ အထူးဆုများအဖြစ် မောင်ကျော်ကျော်သက် ဆဋ္ဌမတန်း အမက(၁၁) မူလွန် မဟာအောင်မြေ မန္တလေး၊ မောင်သုဝဏ်လှိုင် သတ္တမတန်း အထက(၁) ပြည်၊ မောင်ကျော်ခိုင်ထက် သတ္တမတန်း အလက(၁) ပုသိမ်၊ မအိသံသာစိုး ဆဋ္ဌမတန်း အထက(၁) စစ်ကိုင်း၊ နန်းထက်ထက်အောင် ဆဋ္ဌမတန်း အမက(၃)မူလွန် လှိုင်းဘွဲ့တို့က အသီးသီးရရှိကြသည်။

အခြေခံပညာအလယ်တန်းအဆင့် ကဗျာပြိုင်ပွဲတွင် မဇင်သွယ်သွယ်အေး သတ္တမတန်း အထက(၃) ပဲခူးက ပထမ၊ မဖူးပြည့်သူ ဆဋ္ဌမတန်း အလက(၆) ပုသိမ်က ဒုတိယ၊ မောင်နဒီစစ်မှူး ဆဋ္ဌမတန်း အလက(၂) ပြည်က တတိယ အသီးသီးရရှိကြသည်။ အထူးဆုများအဖြစ် မောင်ပြည်စိုးပိုင် ပဉ္စမတန်း အလက(မြို့မ) ကျောက်တန်း၊ မနှင်းအေးမိုးလွင် သတ္တမတန်း အထက(၇) မော်လမြိုင်၊ မခန့်ယမုံမြင့် ဆဋ္ဌမတန်း အလက(၂) တောင်ကြီး၊ မခင်သဉ္ဇာတင် ပဉ္စမတန်း အထက(၁၁) အောင်မြေသာစံ မန္တလေး၊ မောင်ယံပိုင်ဦး ပဉ္စမတန်း အမက မူလွန် မင်္ဂလာလှိုင်ကော်တို့က အသီးသီးရရှိကြသည်။

ကျွမ်းကျင်ပညာရှင်အဆင့် ဆောင်းပါးပြိုင်ပွဲတွင် ဦးစိုးမြင့် အလယ်တန်းပြ အထက(၂) သာစည်က ပထမ၊ ဒေါ်နန်းတင်ရီ အလယ်တန်းပြ အထက(၇) မော်လမြိုင်က ဒုတိယ၊ ဒေါ်တင်တင်ခိုင် အလယ်တန်းပြ အလက(၁၁) မိတ္ထီလာက တတိယ အသီးသီးရရှိကြသည်။ အထူးဆုများအဖြစ် ဒေါ်ထားရှင် အထက်တန်းပြ အထက(၂) မြိတ်၊ ဒေါ်သန္တာချစ် နည်းပြ ပါဠိ-သက္ကတဌာန တိုင်းရင်းဆေး တက္ကသိုလ် မန္တလေး၊ ဦးအေးသန်း အလယ်တန်းပြ အထက(၂) လက်ပံတန်း၊ ဒေါ်ခင်မာကြည် နည်းပြ မြန်မာစာသင်ပြနည်းဌာန မြောင်းမြ ပညာရေးကောလိပ်၊ ဦးဝင်းသိန်း မူလတန်းပြ အမက အေးမြင့်သာယာ ပျဉ်းမနားတို့က အသီးသီး ရရှိကြသည်။

ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိသူများအား ၂၆-၃-၂၀၀၆ ရက်တွင် ဆုများ ချီးမြှင့်မည်ဖြစ်ရာ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံအဆင့် ဆုရရှိသူများသည် အဆင့်မြင့် ပညာဦးစီးဌာန(အောက်မြန်မာပြည်) သထုံလမ်း ကမာရွတ်မြို့နယ် ရန်ကုန်မြို့သို့လည်းကောင်း၊ အခြေခံပညာအထက်တန်းအဆင့်နှင့် အခြေခံပညာ အလယ်တန်းအဆင့် ဆုရရှိသူများသည် ကျောင်းအုပ်ကြီး အထက(၁) စမ်းချောင်း ရန်ကုန်မြို့သို့လည်းကောင်း ၂၃-၃-၂၀၀၆ ရက်တွင် လူကိုယ်တိုင်လာရောက် သတင်းပို့ကြရမည် ဖြစ်သည်။

အထူးဆုရရှိသူများကို မိမိတို့ နေထိုင်ရာဒေသနှင့် နီးစပ်ရာ တိုင်း၊ တပ်မ စစ်ဌာနချုပ်များ၌ ကျင်းပမည့် (၆၁)နှစ်မြောက် တပ်မတော်နေ့ အခမ်းအနားများတွင် ဆုများ ချီးမြှင့်မည်ဖြစ်သည်။ (သတင်းစဉ်)

ကျိုက်ထိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်လျက်ရှိသော ကျိုက္ကသာ-ဖွပ္ပနူး ကျေးလက်မြေသားလမ်း ဖောက်လုပ်မှုလုပ်ငန်းကို မတ် ၁၃ရက်က မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းလှိုင် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသက်အောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်ထွန်းတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ပေးအပ်လှူဒါန်း

ရန်ကုန်မြို့ဗဟန်းမြို့နယ်၊ ဆရာစံလမ်းနေ ဦးစိုးလှိုင် (B.A,B.L, D.M.A)အားရည်စူး၍ ဒေါ်ကြည်ကြည်လှိုင်နှင့် သမီး ဒေါက်တာမီမီလှိုင်၊ ဒေါက်တာနီနီလှိုင် မောင်နှမတစ်စုတို့က ဆေးပဒေသာပင်ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့၊ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။(ဘိုးဘွားရိပ်သာ)

မြောင်းမြမြို့ ဂုန်နီစက်ရုံ၌ ကြက်ဆူပင်စိုက်ပျိုးပွဲကျင်းပ

ရန်ကုန် မတ် ၁၄

လောင်စာဆီအစားထိုးစီမံကိန်းဝင် ကြက်ဆူပင်စိုက်ပျိုးပွဲအခမ်းအနားကို မတ်၅ရက်က ဧရာဝတီတိုင်း မြောင်းမြမြို့ ဂုန်နီစက်ရုံပိုင် မြေငါးဧကရှိ စီမံကိန်းမြေနေရာ၌ ကျင်းပရာ မြောင်းမြဂုန်နီစက်ရုံမှ စက်ရုံမှူးဦးသန်းဝင်းနှင့် စက်ရုံဝန်ထမ်း ၁၂၀၀ကျော်တို့က ကြက်ဆူပျိုးပင်များကို အိုးစည်ဒိုးပတ်များဖြင့် တပျော်တပါး စုပေါင်းစိုက်ပျိုးကြသည်။

မြောင်းမြဂုန်နီစက်ရုံပိုင် မြေငါးဧကမှ တစ်ဧကအတွက် ကြက်ဆူပင် ၁၂၀၀ကို စုပေါင်းစိုက်ပျိုးခြင်းဖြစ်ပြီး ကျန်လေးဧကကို စိုက်ပျိုးနိုင်ရန် စက်ရုံမှူး ဦးသန်းဝင်း ဦးဆောင်၍ ဝန်ထမ်းများက မြေသားပြုပြင် ကျင်းတူးခြင်း၊ အစေ့များပျိုးချခြင်း၊ အပင်ငယ်များ စိုက်ပျိုးခြင်းဖြင့် မတ်လအတွင်း အပြီးအစီး တစ်အုပ်တစ်မ စိုက်ပျိုးသွားမည်ဖြစ်သည်။ (သတင်းစဉ်)

ကျောက်တန်းမြို့နယ်အသင်း နှစ်ပတ်လည်အစည်းအဝေး

ရန်ကုန် မတ် ၁၄

ကျောက်တန်းမြို့နယ် အသင်း၏ (၁၉)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် လက်ဝဲမင်းဒင်လမ်းရှိ အသင်းဓမ္မာရုံ၌ ဧပြီ ၂ရက် နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်သည်။

(၇၅)နှစ်ပြည့်ပြီးသူ အသင်းဝင်များ၊ ၂၀၀၄နှင့် ၂၀၀၅ခုနှစ် အခြေခံပညာ အထက်တန်းစာမေးပွဲဂုဏ်ထူးရအသင်းဝင်သားသမီးများ၊ ကျောက်တန်းမြို့နယ်ကျောင်းပေါင်းစုံမှ အခြေခံပညာ အထက်တန်း စာမေးပွဲလေးဘာသာနှင့်အထက် ဂုဏ်ထူးရ ကျောင်းသားများသည် မတ် ၁၈ရက် နောက်ဆုံးထား၍ ဒေါက်တာဦးစိုးတင် ဖုန်း-၆၀၀၁၅၄၊ ဦးစိုးဝင်း ဖုန်း-၀၅၆-၂၅၁၂၅၊ ဦးသင်းမောင် ဖုန်း-၆၅၂၀၆၅၊ ဦးစိုးမြင့်ဖုန်း-၂၉၈၃၄၉တို့ထံ အထောက်အထား အပြည့်အစုံဖြင့် စာရင်းပေးပို့ ဆက်သွယ်ကြရန်နှင့် မြို့နယ်သူ မြို့နယ်သားများ အားလုံး တက်ရောက်ကြပါရန် နှိုးဆော်ထားသည်။ (က-ပ)

မော်တော်ဆိုင်ကယ်စီးနင်းသူများ လိုက်နာရန်

ရန်ကုန်မြို့တော်စည်ပင်သာယာရေး နယ်နိမိတ်အတွင်း အစိုးရဌာန ဆိုင်ရာပိုင် မော်တော်ဆိုင်ကယ်များကိုသာ လုပ်ငန်းလိုအပ်ချက်အရ စီးနင်းခွင့်ပြုခဲ့ပြီး ဌာနဆိုင်ရာ မော်တော်ဆိုင်ကယ်များတွင်လည်း ဌာနတံဆိပ်များ ကပ်ထားရပါမည်။ ဆိုင်ကယ်စီးနင်းသူများအနေဖြင့် မော်တော်ဆိုင်ကယ်စီး ဦးထုပ်ဆောင်းလျက် မေးသိုင်းကြိုးကို သေချာစွာ တပ်ဆင်ချည်နှောင် စီးနင်းကြရန်နှင့် ဆိုင်ကယ်စီးဦးထုပ်မဆောင်းဘဲ စီးနင်းခြင်း၊ နှစ်ယောက်နှင့်အထက် တင်ဆောင်စီးနင်းခြင်းများကို စစ်ဆေးတွေ့ရှိပါက ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ထို့အပြင် လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်များ၊ နယ်ကျော်စီးနင်းသည့် မော်တော်ဆိုင်ကယ်များအား စစ်ဆေးတွေ့ရှိပါက အဆိုပါ မော်တော်ဆိုင်ကယ်များအား နိုင်ငံပိုင်အဖြစ် သိမ်းဆည်းပြီး စီးနင်းသူကိုလည်း ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၅-၃-၂၀၀၆ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
- ၈:၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၂၀ ၄။ လက်စွမ်းပြဟန်ဂီတသံ
- ၄:၃၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၄၀ ၆။ မျိုးချစ်တပ်မတော်
- ၄:၅၀ ၇။ ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
- ၅:၀၀ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၅:၃၀ ၉။ မြတ်နိုးကြစေအမျိုးသားအမွေ
- ၅:၄၅ ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၃။ မိုးလေဝသသတင်း
- ၆:၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၄၀ ၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇:၀၀ ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မြက်ခင်းစိမ်းနဲ့အိမ်ကလေး" (အပိုင်း-၆)**
- ၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၉။ ဗွီစီဒီကျော်ကြားတေးများ
- ၂၀။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ကောင်းကင်သိုင်းကွက်" (အပိုင်း-၁၄)**
- ၂၂။ သင့်အတွက်မနက်ဖြန်
- ၂၃။ အပိတ်နှုတ်ဆက်စကား
- ၂၄။ ပြီးပါပြီ။

ပြည်ပ အားကစား သတင်းများ

ဂျာမန်တိုက်စစ်မှူးဟောင်း နည်းပြ ကလင်းစမန်း။(ဓာတ်ပုံ-အင်တာနက်)

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအတွက် ဂျာမန်နည်းပြ ကြိုတင်ပြင်ဆင်

ဘာလင် မတ် ၁၃

၂၀၀၆ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ နီးကပ်လာသဖြင့် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နိုင်ရန် ဂျာမနီနိုင်ငံတွင် မိမိပိုမိုရှိနေမည်ဖြစ်ကြောင်း ဂျာမနီအသင်း၏နည်းပြ ဂါဂျင်ကလင်းစမန်းက တနင်္လာနေ့တွင် ပြောကြားသည်။

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကျင်းပရန် လအနည်းငယ်မျှသာ လိုတော့ချိန်တွင် မိမိ၏ နည်းပြတာဝန်ဝတ္တရားများကို ထမ်းဆောင်နိုင်ရန် ဂျာမနီနိုင်ငံတွင် မိမိပိုမိုနေထိုင်သွားမည်ဖြစ်ကြောင်း ကလင်းစမန်းက ဂျာမန်ဘောလုံးအဖွဲ့ချုပ်၏ အင်တာနက်ဝက်ဘ်ဆိုက်သို့ ပြောကြားသည်။

ဂျာမန်တိုက်စစ်မှူးဟောင်း ကလင်းစမန်းသည် ၂၀၀၄ခုနှစ် ဩဂုတ်လတွင် ဂျာမနီအမျိုးသား ဘောလုံးအသင်း၏ နည်းပြတာဝန်ကို ရယူခဲ့ချိန်မှစ၍ အမေရိကန်နိုင်ငံ ကာလီဖိုးနီးယားပြည်နယ်တောင်ပိုင်းရှိ ၎င်း၏နေအိမ်နှင့် ဂျာမနီနိုင်ငံအကြား လွန်းပြန်ခရီးများ သွားရောက်ခဲ့သည်။

ဂျာမနီဘောလုံးအသင်းသည် မကြာသေးမီကာလအတွင်း ဘောလုံးပြိုင်ပွဲများတွင် စွမ်းဆောင်ရည်ညံ့ဖျင်းလာခဲ့ရာ နည်းပြ ကလင်းစမန်းမှာ ဖိအားပေးခံရမှုများနှင့် ပိုမိုတွေ့ကြုံနေရသည်။ ***အင်တာနက်။***

တိုက်စစ်မှူး ရုဒ်ဗန်နစ္စတယ်ရွိုင်းအား မန်ချက်စတာယူနိုက်တက် ရောင်းချဖွယ်

မန်ချက်စတာ မတ် ၁၄

မန်ချက်စတာ ယူနိုက်တက်အသင်းမှ ဒတ်ချ်လူမျိုး တိုက်စစ်မှူး ရုဒ်ဗန်နစ္စတယ်ရွိုင်းသည် ၎င်း၏ လက်ရှိ သုံးနှစ်သက်တမ်း ကန်ထရိုက်စာချုပ်ကို သက်တမ်းတိုးရန် လက်မှတ်ရေးထိုးခြင်းမရှိပါက ၎င်းအား ယခုနှစ်နွေရာသီတွင် ရောင်းချလိမ့်မည်ဖြစ်ကြောင်း ဒေးလီးမေးလ် သတင်းစာက မတ် ၁၄ ရက်တွင် ရေးသားဖော်ပြလိုက်သည်။

မန်ချက်စတာ ယူနိုက်တက်အသင်းမှ တိုက်စစ်မှူး ရုဒ်ဗန်နစ္စတယ်ရွိုင်း။
(ဓာတ်ပုံ-အင်တာနက်)

မန်ချက်စတာ ယူနိုက်တက်အသင်းသည် နစ္စတယ်ရွိုင်းအား ရက်သတ္တတစ်ပတ် လုပ်ခလစာ ပေါင်ငွေ ၁၀၀၀၀ ပေးရန် ကမ်းလှမ်းထားကြောင်း ဒေးလီးမေးလ်သတင်းစာတွင် ရေးသားဖော်ပြသည်။

ဗန်နစ္စတယ်ရွိုင်း၏ လက်ရှိ ကန်ထရိုက်စာချုပ်မှာ ၂၀၀၈ ခုနှစ် နွေရာသီတွင် သက်တမ်းကုန်ဆုံးမည်ဖြစ်သည်။ သို့ရာတွင် နှစ်ဦးနှစ်ဖက်အနေဖြင့် ကန်ထရိုက်စာချုပ် သက်တမ်းတိုးရေးကိစ္စကို သဘောတူညီမှုမရှိပါက ယခုနှစ်နွေရာသီမှာပင် ၎င်းကို ပြန်လည် ရောင်းချမည်ဖြစ်ကြောင်း သတင်းစာတွင် ဖော်ပြသည်။

ဗန်နစ္စတယ်လ်ရွိုင်းသည် လွန်ခဲ့သည့် ငါးနှစ်က ပီအက်စ်ဗွီအိန်းဟိုဗင်အသင်းမှ မန်ချက်စတာယူနိုက်တက်အသင်းသို့ ရွှေ့ပြောင်းလာခဲ့ချိန်နောက်ပိုင်း ဘောလုံးပွဲပေါင်း ၂၁၀ တွင် ၁၄၈ ဂိုး သွင်းယူခဲ့သူဖြစ်သည်။ ***အင်တာနက်။***

အာဆင်နယ်အသင်းမှ ရော်ဘင်ဗန်ပါစီ။ *(ဓာတ်ပုံ-အင်တာနက်)*

ရော်ဘင်ဗန်ပါစီနှင့် ဆိုးလ်ကမ့်ဘဲလ် ပြန်လည်ကစားရန် အချိန်ပြည့်လေ့ကျင့်နေ

လန်ဒန် မတ် ၁၃

ထိခိုက်ဒဏ်ရာရရှိခဲ့ကြသော ဒတ်ချ်တိုက်စစ်မှူး ရော်ဘင်ဗန်ပါစီနှင့် အင်္ဂလန် နောက်တန်းလူ ဆိုးလ်ကမ့်ဘဲလ်တို့သည် အင်္ဂလန်ပရီမီယာရှစ် ဘောလုံးပြိုင်ပွဲနှင့် ယူအီးအက်ဖ်အေ ချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲတို့တွင် ပြန်လည်ပါဝင်ကစားနိုင်ရန် ပြင်ဆင်လျက်ရှိကြရာ အာဆင်နယ်အသင်းအတွက် အားတက်စရာဖြစ်လာရကြောင်း မတ် ၁၃ ရက် အင်တာနက်သတင်းတစ်ရပ်တွင် ဖော်ပြသည်။

မတ် ၁၂ ရက်က ဟိုက်ဘူရီကွင်းတွင် ကျင်းပသော ပရီမီယာရှစ် ဘောလုံးပြိုင်ပွဲတွင် အာဆင်နယ်အသင်းက တတိယနေရာတွင်ရှိနေသော လီဗာပူးအသင်းကို အနိုင်ကစားခဲ့ရာတွင် သီယာရီအွန်နရီက နှစ်ဂိုးဆက်တိုက်သွင်းယူခဲ့သည်။

ရော်ဘင်နှင့် ကမ့်ဘဲလ်တို့သည် အထူးစီစဉ်ထားသည့် ပွဲများတွင် ပါဝင်ကစားရန် အချိန်ပြည့် လေ့ကျင့်မှုပြုလုပ်လျက်ရှိကြောင်း မန်နေဂျာဝင်းဂါးက ပြောကြားသည်။

ယခုအခါ ပရီမီယာရှစ် ဘောလုံးပြိုင်ပွဲ အမှတ်ပေးဇယားတွင် ပဉ္စမနေရာ၌ရှိနေသော အာဆင်နယ်အသင်းသည် မတ် ၂၈ ရက်တွင် ကျင်းပမည့် ယူအီးအက်ဖ်အေ ချန်ပီယံလိဂ် ကွာတားဖိုင်နယ် ပထမအကျော့အဖြစ် အီတလီ ဂျူဗင်တပ်စ်အသင်းနှင့် ယှဉ်ပြိုင်ကစားရန်ရှိသည်။ ***အင်တာနက်။***

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဈေးရောင်းပွဲတော်ဆက်လက်ကျင်းပ

ရန်ကုန် မတ် ၁၄

(၆၁)နှစ်မြောက်တပ်မတော်နေ့အကြို အမှတ်(၁)စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော်ကို ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် မယ်လမုဘုရားမျက်နှာချင်းဆိုင်ရှိ မြေကွက်လပ်၌ ပဉ္စမနေ့အဖြစ် ဆက်လက်ကျင်းပရာ အမှတ်(၁)စက်မှုဝန်ကြီးဌာနအောက်ရှိ မြန်မာ့အထည်အလိပ်လုပ်ငန်းမှ အထည်အလိပ်ထုတ်ကုန်ပစ္စည်းများ၊ မြန်မာ့စားသောက်ကုန်လုပ်ငန်းမှ စားသောက်ကုန်ပစ္စည်းများ၊ မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်းမှဆေးဝါး၊ အလှကုန်နှင့် အိမ်သုံးပစ္စည်းများ၊ မြန်မာ့ကြွေထည်မြေထည်လုပ်ငန်းမှ ကြွေထည်မြေထည်ဖန်ထည်ပစ္စည်းများ၊ မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်းမှ စက္ကူနှင့် ဓာတုဗေဒပစ္စည်းများ၊ မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်းမှ အပ်ချုပ်စက်များ၊ စက်ဘီးများ၊ သားရေထည်ပစ္စည်းများ၊ ရော်ဘာပစ္စည်းများ စသည့်လူသုံးကုန်ပစ္စည်းမျိုးစုံ စုစုပေါင်း အမယ် ၃၄၅မျိုးကို အထူးဈေးနှုန်းဖြင့် လက်လီလက်ကား ရောင်းချပေးလျက်ရှိရာ ဝယ်ယူအားပေးသူများဖြင့် စည်ကားလျက်ရှိသည်။

ဈေးပွဲတော်လာရောက်သူများအား နေ့စဉ် ညနေ ၅ နာရီမှ ည ၇ နာရီအထိ အနုပညာရှင်များက တေးသံသာများဖြင့် သီဆိုဖျော်ဖြေ၍ အမှတ်(၁)စက်မှုဝန်ကြီးဌာနမှ သမီးပျိုလေးများက စက်ရုံများမှထုတ်လုပ်သော တူညီဝတ်စုံများ ဝတ်ဆင်သရုပ်ပြသပြီး စားသောက်ဆိုင်များကိုလည်း ဖွင့်လှစ်ရောင်းချပေးလျက်ရှိသည်။

အဆိုပါ အမှတ်(၁) စက်မှုဝန်ကြီးဌာနအထူး ဈေးရောင်းပွဲတော်ကို နေ့စဉ်နံနက် ၈ နာရီမှ ည ၈ နာရီအထိ ဆက်လက်ရောင်းချသွားမည်ဖြစ်သည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၅-၃-၂၀၀၆ (ဗုဒ္ဓဟူးနေ့)

၇:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅	မေးကြည့်ဖြေကြည့်ပဟေဠိ
၇:၂၅	တေးဂီတအစီအစဉ်
၇:၃၀	နိုင်ငံတကာသတင်းအကျဉ်း
၇:၃၅	Myanmar Video Rhythm
၈:၂၅	တေးဂီတအစီအစဉ်
၈:၃၀	ကုသမနေးတီဘီဆေး (ရာဇာနေဝင်း၊သုမောင်၊ ညီကျော်၊မတူး)
၈:၄၅	ပြည်တွင်းသတင်းအကျဉ်း
၈:၅၅	တေးဂီတအစီအစဉ်
၉:၀၀	မိုးလေဝသခန့်မှန်းချက်
၉:၀၅	နိုင်ငံတကာမြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီး (စောဝီလျံသိန်းနှင့်စောဖွဲလေး)
၉:၃၀	တေးဂီတအစီအစဉ်
၉:၃၅	ဝတ်ဖျားမှ နန္ဒာကန် (အပိုင်း-၁)
၉:၅၀	နိုင်ငံတကာသတင်းအကျဉ်း
၉:၅၅	တေးဂီတအစီအစဉ်
၁၀:၀၀	တက်သစ်စလွှင်ပြင်အဆိုပြိုင်ပွဲ (ယုဇနေ-ပဋိပက္ခ)
၁၀:၄၀	တေးဂီတအစီအစဉ်
၁၀:၄၅	ဆီးချို၊သွေးချိုရောဂါ အကြောင်းဟောပြောချက် (အပိုင်း-၂)
၁၁:၁၀	ပြည်တွင်းသတင်းအကျဉ်း
၁၁:၂၀	တေးဂီတအစီအစဉ်
၁၁:၂၅	ပိုးသတ်ဆေးဥပဒေအကြောင်း ဟောပြောချက်
၁၁:၄၅	တေးဂီတအစီအစဉ်
၁၁:၅၀	အသက်ရာရှည်ကြောင်း ကိုယ်တွေ့နည်းလမ်းကောင်း
၁၁:၅၅	တေးဂီတအစီအစဉ်
၁၂:၀၀	MRTV-4 အပိတ် Logo

အထက်ပါ (၅)နာရီစာ အစီအစဉ်များကို ည (၂၃:၀၀) နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

English Premier League ဘောလုံးပွဲစဉ်

ညပိုင်း လိုင်း	အစီအစဉ်
၂:၂၅	Liverpool-Fulham 5-Sports (Live)

သုံးခွ အထက (၁)နှင့် အထက(၂) အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၁၄

ရန်ကုန်တိုင်း သုံးခွမြို့နယ် အထက(၁)နှင့် အထက(၂) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ဒသမအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် ပထမအကြိမ် ပဒေသာပင်စိုက်ထူ ပူဇော်ပွဲကို ဧပြီ ၉ရက် (တနင်္ဂနွေနေ့) နံနက်၁၁နာရီတွင် သုံးခွမြို့ အထက(၁) ခန်းမ၌ ကျင်းပမည်ဖြစ်ရာ အသက်(၆၀)ကျော်ဆရာ၊ ဆရာမကြီးများ ကြွရောက်ကြရန်နှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြရန် ဖိတ်ကြားထားပြီး ဦးသန်းထွန်း (ရွှေပင်ငွေပင်) ဖုန်း-၂၉၂၁၉၂၊ ဦးစောလှိုင်(လှကမ္ဘာ) ဖုန်း-၂၉၁၃၁၁၊ ဦးအုန်းကြွယ် ဖုန်း-၂၉၀၅၉၃၊ ဦးအောင်သန်း ဖုန်း-၅၇၁၄၁၇နှင့် ဦးမြသိန်း ဖုန်း-၆၆၁၃၇၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ကြက်ဆူစေ့ပျိုးထောင်

မုဒုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ခြံစည်းရိုးကြက်ဆူပင်ပျိုးခင်းတွင် မတ် ၁၀ ရက်က အမှုဆောင်အရာရှိ ဦးဖုန်းလွင်နှင့် ဝန်ထမ်းများ မြေဆွေးအိတ်များအတွင်း ကြက်ဆူစေ့များ ထည့်သွင်းပျိုးထောင်ခြင်းနှင့် ပျိုးပင်ပေါက်များ ရှင်သန်ကြီးထွားစေရေး စုပေါင်းဆောင်ရွက်ကြစဉ်။
(မြို့နယ်စည်ပင်)

ရှင်သာမဏေ ဓမ္မဗိမာန် ယဉ်ကျေးမှုသင်တန်း

ရန်ကုန် မတ် ၁၄

ရှင်သာမဏေ ဓမ္မဗိမာန် သာသနာ့ဝန်ဆောင်အဖွဲ့က ကျင်းပသော လူငယ်များ အကျင့်စာရိတ္တ မြင့်မားရေး ယဉ်ကျေးမှုသင်တန်းကို မတ် ၁၈ ရက်မှ ၂၆ ရက်အထိ နံနက် ၇ နာရီခွဲမှ ၁၁ နာရီခွဲအတွင်း သင်ကြားပို့ချပေးမည်ဖြစ်သည်။

သင်တန်းတက်ရောက်လိုသူ ပထမတန်းမှ နဝမတန်း ကျောင်းသား၊ ကျောင်းသူများသည် ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ်၊ အာဇာနည်လမ်း၊ ရှင်သာမဏေ ဓမ္မဗိမာန် ဖုန်း-၃၈၇၃၆၁ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (က-ပ)

လူမှုဝန်ထမ်းဦးစီးဌာန မူလတန်းကြိုကျောင်း အမှတ်(၂) လှိုင်၏ ၂၀၀၆ခုနှစ် ကျောင်းတွင်းပဒေသာ ကပွဲကို မတ်၁၁ရက်က ကျင်းပရာ မချောစုစုလွင်နှင့် မကေစင်သော်တို့က အကဖြင့် တင်ဆက်ကပြစဉ်။
(လူမှုဝန်ထမ်း)

အပြည်ပြည်ဆိုင်ရာ လက်ဝှေ့ဒိုင်လူကြီး မွမ်းမံသင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် မတ် ၁၄

၂၀၀၆ခုနှစ် မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ် အပြည်ပြည်ဆိုင်ရာ လက်ဝှေ့ဒိုင်လူကြီး မွမ်းမံသင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီခွဲက ကျိုက္ကဆံကွင်းရှိ အား/ကာသိပ္ပံ ရန်ကုန်တွင် ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး သင်တန်းတို့ ဖွင့်လှစ်ပေးသည်။ **(အောက်ပုံ)**

သင်တန်းဖွင့်ပွဲသို့ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ လက်ဝှေ့ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် အမှုဆောင်များ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

အဆိုပါ လက်ဝှေ့ဒိုင်လူကြီးသင်တန်းသို့ အမျိုးသား ၃၂ဦး၊ အမျိုးသမီးနှစ်ဦး စုစုပေါင်း ၃၄ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ မတ် ၁၄ရက်မှ ဧပြီ ၇ရက်အထိ ဖြစ်ကြောင်း သိရသည်။

(ကြေးမုံ)

နိုင်ငံတော်သြဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တသြဘာသ ပျံလွန်တော်မူ

ရန်ကုန် မတ် ၁၄

နိုင်ငံတော်သြဝါဒါစရိယ စစ်ကိုင်းတိုင်း မြောင်မြို့ မင်းတန်းရွာ မင်းကျောင်းတိုက်၏ ဦးစီးပဓာန နာယက ဆရာတော် သက်တော်(၉၅) နှစ်၊ သိက္ခာတော် (၇၅)ဝါရှိ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသြဘာသ မဟာထေရ်သည် ၁၃၆၇ ခုနှစ် တပေါင်း လဆန်း ၁၄ ရက်၊ မတ် ၁၂ ရက် (တနင်္ဂနွေနေ့) ည ၈နာရီ ၁၀မိနစ် တွင် မင်းကျောင်းတိုက်၌ ဘဝနတ်ထံ ပျံလွန်တော်မူသွားကြောင်း သာသနာ ရေးဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

ညောင်ကန်အေးရွှေပြည်သာ ၁၀ရက် တရားစခန်း

ရန်ကုန် မတ် ၁၄

ရွှေပြည်သာမြို့ ညောင်ကန်အေး ရွှေပြည်သာ သာသနာ့ရိပ်သာ ပဓာန နာယက ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ အာစိဏ္ဏ (ရွှေဘို) ဆရာတော် ကြီးမှူး၍ (၂၁)ကြိမ်မြောက် သင်္ကြန်ကာလ ၁၀ရက်တရားစခန်းပွဲကို ဧပြီ ၇ရက် မှ ၁၇ ရက် (နှစ်ဆန်းတစ်ရက်နေ့) အထိ ဖွင့်လှစ်မည်ဖြစ်သည်။ ဒုလ္လဘ ရဟန်း၊ သာမဏေ၊ သီလရှင်ဝတ် လိုသူများ၊ တရားစခန်းဝင်လိုသူများ ဧပြီ ၂ရက် နောက်ဆုံးထားစာရင်း ပေးသွင်းနိုင်ပြီး အရုဏ်ဆွမ်း တစ်နပ် ကျပ် ၂၀၀၀၀၊ နေ့ဆွမ်းတစ်နပ် ၃၅၀၀၀ ကျပ်၊ အချိုပွဲ တစ်ရက် ကျပ် ၁၀၀၀၀၊ ရဟန်းတစ်ပါး ကျပ် ၇၀၀၀၊ ရှင်တစ်ပါး ကျပ် ၅၀၀၀ဖြင့် လှူဒါန်းလိုသူများသည် ဖုန်း-၆၁၀၃၆၃၊ ၆၁၀၉၄၇၊ ၆၁၁၃၄၉ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းနှင့် သီလရှင်ဝတ်လိုသူများ မိမိဝတ်စုံဖြင့် လာရောက်ရန် ဝေယျာဝစ္စအဖွဲ့က နှိုးဆော်ထားသည်။ (၆၁)

နိုင်ငံတော်သြဝါဒါစရိယ စစ်ကိုင်းတိုင်း စစ်ကိုင်းခရိုင် မြောင်မြို့နယ် မင်းတန်းရွာ မင်းကျောင်းတိုက်၏ ဦးစီးပဓာန နာယက ဆရာတော် ဘဒ္ဒန္တ သြဘာသ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) ၏ ထေရုပ္ပတ္တိအကျဉ်း

ဖွားမြင်တော်မူခြင်း

ဆရာတော် လောင်းလျာသည် စစ်ကိုင်းတိုင်း မြောင်မြို့နယ် ကင်းကျေးရွာ ခမည်းတော် ဦးကုလားကြီး၊မယ်တော်ဒေါ်အိမ်ကြီး တို့မှ ၁၂၇၃ ခုနှစ် သီတင်းကျွတ်လ ပြည့်ကျော် ၁၄ရက်၊ တနင်္ဂနွေနေ့တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။

ရှင်ရဟန်းပြုတော်မူခြင်း

ဆရာတော် လောင်းလျာသည် ၁၂၈၃ခုနှစ် ဝါဆိုလဆန်း ၅ရက်နေ့တွင် မင်းတန်းရွာ မင်းကျောင်းတိုက် ဆရာတော် ဦးအာသဘကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေအဖြစ်သို့ရောက်ရှိသည်။ ၁၂၉၄ ခုနှစ် ကဆုန်လဆန်း ၃ရက် ကြာသပတေးနေ့ မွန်းလွဲ ၂နာရီအချိန်တွင် ကင်းရွာဥက္ကံကျောင်း ခဏ္ဍသိမ်၌ ဆရာတော် ဘဒ္ဒန္တသီဟကို ဥပဇ္ဈာယ်ပြုကာ ခမည်းတော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူ၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိသည်။

ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း

ဆရာတော်လောင်းလျာသည် မင်းတန်းရွာ မင်းကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တအာသဘ၊ ကျောက်ရစ်ကျောင်း ဆရာတော် ဘဒ္ဒန္တအဂ္ဂဝံသ၊ မြောင်မြို့ ဆင်ရှင်ကျောင်း ဆရာတော် ဘဒ္ဒန္တပညာ၊ ပခုက္ကူမြို့ မဟာဝိဇယာရာမ တိုက် ဆရာတော် ဘဒ္ဒန္တဇဝန၊ ကံမြဲကျောင်း ဇောင်ချမ်းဆရာကြီး ဦးကြွက် စသည်တို့ထံ၌ ပရိယတ္တိစာပေများ ဆည်းပူးတော်မူခဲ့ပါသည်။

စာပေပို့ချခြင်းနှင့် သာသနာရေးအားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် ၁၂၉၉ ခုနှစ်မှစ၍ မင်းတန်းရွာ မင်းကျောင်း၌ ကျောင်းထိုင် ဆရာတော်အဖြစ် သီတင်းသုံးကာ တပည့်ရဟန်းသာမဏေတို့အား ပရိယတ္တိစာပေကိုအခြေခံမှစ၍ သင်ကြားပို့ချခဲ့သည့်အပြင် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ဖွင့်လှစ်သင်ကြားခြင်း၊ ရှေးဟောင်းဘုရားများ ပျက်စီးယိုယွင်းနေသည်ကို ပြုပြင်ထိန်းသိမ်းခြင်း၊ မြို့နယ် သံဃနာယကအဖွဲ့တွင် သုံးကြိမ် ပါဝင်ဆောင်ရွက်ခြင်းနှင့် နိုင်ငံတော်သြဝါဒါစရိယ ဆရာတော် အဖြစ်ဆောင်ရွက်ခြင်း စသည်ဖြင့် သာသနာရေးတာဝန်များကို ဆောင်ရွက်ခဲ့ပါသည်။

ဘွဲ့တံဆိပ်တော်အလှူခံရရှိတော်မူခြင်း

ဤသို့လျှင် သာသနာတော်အကျိုး သယ်ပိုးဆောင်ရွက်တော်မူသည့် လဇ္ဇီပေသလ သိက္ခာကာမ စသော ဂုဏ်တို့နှင့် ပြည့်စုံတော်မူသော ဆရာတော် ဘဒ္ဒန္တသြဘာသအား နိုင်ငံတော်အစိုးရက ၁၉၉၅ခုနှစ်တွင် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်ပူဇော်ခဲ့ပါသည်။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ကြီးသည် သာသနာတော်အကျိုး သယ်ပိုးထမ်းဆောင်တော်မူရင်းမှ သက်တော် (၉၅)နှစ်၊ သိက္ခာတော် (၇၅)ဝါအရ ၁၃၆၇ ခုနှစ် တပေါင်းလဆန်း ၁၄ရက်၊ (၂၀၀၆ခုနှစ် မတ် ၁၂ရက်) တနင်္ဂနွေနေ့ ည ၈နာရီ ၁၀ မိနစ်အချိန်တွင် မင်းကျောင်းတိုက်၌ ဘဝနတ်ထံ ပျံလွန်တော်မူပြီး ဈာပနရက်ကို ထပ်မံကြေညာမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

အပြည်ပြည်ဆိုင်ရာပြိုင်ပွဲများ ယှဉ်ပြိုင်ရေး လေးပွင့်ဆိုင် ခြေစမ်းဘောလုံးပြိုင်ပွဲ ကျင်းပ

ရန်ကုန် မတ် ၁၄

အပြည်ပြည်ဆိုင်ရာ ဘောလုံးပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် မြန်မာ့လက်ရွေးစင်အသင်းနှင့် သက်တမ်းအလိုက် လူငယ်လက်ရွေးစင်အသင်းများဖွဲ့စည်းရေး လေးပွင့်ဆိုင် အထူးခြေစမ်းပွဲကို ယနေ့ညနေ ၄နာရီက အောင်ဆန်းကွင်းတွင် ကျင်းပရာ လက်ရွေးစင်(ခ)အသင်းက (၂၃)နှစ်အောက် လက်ရွေးစင်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့်အနိုင်ရရှိသွားသည်။

လက်ရွေးစင်(ခ)အသင်း နှစ်ဂိုး
(ကျော်သီဟ)
(၂၃)နှစ်အောက်
လက်ရွေးစင်အသင်း ဂိုးမရှိ
ဒိုင်လူကြီး ဦးဝင်းချို

လူရွေးပွဲဖြစ်သော်လည်း နှစ်သင်းစလုံး၏ ကစားပုံမှာ အကြိတ်အနယ်မရှိဘဲ ပွဲအေးတစ်ပွဲ ဖြစ်ခဲ့သည်။ လက်ရွေးစင်(ခ) အသင်းမှာ အသင်းလိုက် စုစည်းမှုအားနည်းသော်လည်း ကြိုးစားမှုကောင်း၍ အနိုင်ရသွားခြင်း ဖြစ်သည်။

(၂၃) နှစ်အောက် လက်ရွေးစင်အသင်းတွင် ဖိလစ်ပိုင်ဆီးဂိမ်း ယှဉ်ပြိုင်ခဲ့သည့်အသင်းမှ ဝင်းမင်းထွဋ်၊ ကျော်ဇေယျာမင်း၊ ကျော်ဇေယျာဝင်း၊ မျိုးမင်းထွန်း၊ နေဝင်း၊ စိုးသီဟအောင်နှင့် ဇော်ဇော်တို့ ခုနစ်ဦး ပါဝင်ကစားသွားသော်လည်း အသင်း၏ ကစားပုံမှာ သွက်လက်မှု မရှိ၊ အချိတ်အဆက်၊ အပေးအယူ လွဲနေခြင်းတို့ကြောင့် ယခုကဲ့သို့ အရှုံးနှင့်ရင်ဆိုင်သွားရခြင်းဖြစ်သည်။

(၂၃)နှစ်အောက် လက်ရွေးစင်အသင်းမှစိုးသီဟအောင်လက်ရွေးစင်(ခ)အသင်း နောက်ခံလူ သုံးဦးကြားမှ ဖြတ်ကျော်ထိုးဖောက်စဉ်။ (ကြေးမုံ)

ပထမပိုင်းအစတွင် လက်ရွေးစင်(ခ) အသင်းက (၂၃)နှစ်အောက် အသင်းထက် အပေးအယူ အချိတ်အဆက် မိမိကစားနိုင်ခဲ့သည်။ (၂၃)နှစ်အောက် အလယ်တန်းမှာ ဘောလုံးဖြန့်ဝေမှု အားနည်းနေ၍ တိုက်စစ်ပျောက်နေပြီး လက်ရွေးစင် (ခ)က ပိုမိုတိုက်စစ်ဆင်နေနိုင်ခြင်းဖြစ်သည်။ ၁၂မိနစ်တွင် ရာဇာဝင်းသိန်း နောက်ခံလူ သုံးဦးကို လိမ်ပြီးပေးသော ဘောလုံးကို စည်သူသန်း အပိုင်ကန်သွင်းရာ လွဲချော်ခဲ့သော်လည်း ၁၇မိနစ်တွင် လက်ရွေးစင်(ခ)အသင်း အဖွင့်ဂိုးစတင် ရရှိသွားသည်။ ခင်မောင်လွင် ဘယ်ခြမ်းမှ ဂိုးရှေ့ဖြတ်ပို့သော ဘောလုံးကို တိုက်စစ်မှူး ကျော်သီဟက မနားတမ်း ပြေးဝင်ပိတ်သွင်းယူခဲ့ခြင်းဖြစ်သည်။

ဂိုးပေးရပြီး နောက်ပိုင်းတွင် (၂၃) နှစ်အောက်အသင်း ကစားပုံ ပိုမိုသွက်လာသည်။ (၂၃) နှစ်အောက် အသင်းမှာ ဖိကစားထား နိုင်သော်လည်း တစ်ကိုယ်တော် ထိုးဖောက်နေခြင်း၊ အလယ်တန်းမှ အကွက်မဆင်ပေးနိုင်ခြင်း၊ တိုက်စစ်မှူးများ မကြာခဏ ဆိုသလို လူကျွံဘောများ ဖြစ်နေ၍ တိုက်စစ် အရှိန်ပျက်နေသည်။ ထို့ပြင် လက်ရွေးစင်(ခ) အသင်းကလည်း နောက်တန်းကို ငါးယောက်ထားပြီး မလွတ်တမ်းဖျက်ထုတ် ကစားသည့်ပုံစံကြောင့် (၂၃)နှစ်အောက်အသင်း အခွင့်မသာဘဲ ပထမပိုင်းတွင် တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနေသည်။

ဒုတိယပိုင်းအစတွင် လက်ရွေးစင် (ခ) အသင်းက နိုင်ဝင်း၊ စည်သူသန်း၊ မင်းမင်းထွန်း၊ ကျော်ဇင်ထက်(ဂိုး)နှင့် စောကြယ်လင်းတို့အစား ကျော်ကျော်ခိုင်၊ ညီညီစိုး၊ ဟန်စိုးအောင်၊ ကျော်ကျော်ထွန်းနှင့် သန်းဇော် ဝင်း(ဂိုး)တို့ လဲလှယ်ကစားခဲ့ကြသည်။ (၂၃)နှစ်အောက် အသင်းက ပထမပိုင်းလူစာရင်းအတိုင်း ဆက်လက်ယှဉ်ပြိုင်ခဲ့သည်။ ဒုတိယပိုင်းတွင် (၂၃)နှစ်အောက် အသင်းက ပိုမိုဖိကစားနိုင်ခဲ့သည်။

(၂၃)နှစ်အောက်အသင်းမှာ ချေပဂိုးရရေး တိုက်စစ်ဆင်နေသော်လည်း နားလည်မှု လွဲနေခြင်းတို့ကြောင့် အချည်းနှီးဖြစ်နေသည်။ လက်ရွေးစင်(ခ)အသင်းမှာ ရံဖန်ရံခါမှသာ ထိုးဖောက်နိုင်သော်လည်း ထိုးဖောက် တိုက်စစ်ဆင်ချက်များမှာ ဂိုးရလုလု အနေအထားများ ရရှိခဲ့သည်။ ဂိုးရနိုင်သည့် အခွင့်အရေးများထဲမှ မိနစ် ၃၀ တွင် ရရှိသော အခွင့်အရေးကို ထပ်မံအသုံးချနိုင်ခဲ့၍ လက်ရွေးစင်(ခ) ဒုတိယဂိုးရရှိသွားသည်။ (၂၃)နှစ်အောက် အသင်း ခေါင်းဆောင် ကျော်ဇေယျာမင်း ဘောလုံးကိုမရှင်းထုတ်ဘဲ ထိန်းထားစဉ် ခင်မောင်လွင်ကလုပြီး ဂိုးရှေ့ဖြတ်ပို့ရာ ကျော်သီဟက ပိတ်သွင်းယူခဲ့ခြင်းဖြစ်သည်။

(၂၃)နှစ်အောက်အသင်းက ခြေစွမ်းမပြနိုင်သည့် တိုက်စစ်မှူး ဆန်းဒေးသိန်းအစား မင်းမင်းထွန်းထည့်၍ တိုက်စစ်အားမြှင့်သော်လည်း မထိရောက်ခဲ့ပေ။ [မင်းမင်းထွန်းမှာ (၂၃)နှစ်အောက်အသင်း စတင်ဖွဲ့စည်းရာတွင် မပါဝင်ခဲ့သော်လည်း ရွေးချယ်ထားသည့် တိုက်စစ်မှူး ကျော်သူရ ဒဏ်ရာရထား၍ ထပ်မံအားဖြည့်ထားခြင်းဖြစ်သည်။] လက်ရွေးစင်(ခ) အသင်းက အနိုင်ကို ထိန်းကစားသွားနိုင်၍ ပွဲအပြီးတွင် နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ပါဝင်ကစား

လက်ရွေးစင်(ခ) အသင်းတွင် ဂိုး- ကျော်ဇင်ထက် (ဆောက်လုပ်ရေး) [သန်းဇော်ဝင်း(တံခွန်)]၊ နောက်တန်း- အေးဆန်း(ကမ္ဘောဇ)၊ ဝင်းဇော်အောင်) (မြို့တော်စည်ပင်)၊ မင်းမင်းထွန်း (စွမ်းအင်)၊ ကျော်ကျော်ထွန်း (အား/ကာသိပ္ပံ)၊ မျိုးမြင့်အောင်(ပို့ဆောင်ရေး)၊ အလယ်တန်း-ခင်မောင်လွင် (လယ်/ဆည်)၊ စောကြယ်လင်း (ပြည်ထဲရေး)၊ ဟန်စိုးအောင်(လျှပ်စစ်စွမ်းအား)၊ ရာဇာဝင်းသိန်း (စီးပွား/ကူးသန်း)၊ ရှေ့တန်းတွင် စည်သူသန်း (ဆောက်လုပ်ရေး)၊ ကျော်ကျော်ခိုင် (ဘဏ္ဍာ/အခွန်)၊ နိုင်ဝင်း(စွမ်းအင်)၊ ညီညီစိုး(သစ်တော)နှင့် ကျော်သီဟ (ကမ္ဘောဇ)တို့ ပါဝင်ကစားသွားသည်။

(၂၃)နှစ်အောက် လက်ရွေးစင် အသင်းတွင် ဂိုး-ဖြိုးမင်းမောင်(ပို့ဆောင်ရေး)၊ နောက်တန်း ကျော်ဒွန်း၊ ဝင်းမင်းထွဋ်၊ ကျော်ဇေယျာမင်း၊ ကျော်ဇေယျာဝင်း (အားလုံးပို့ဆောင်ရေး)၊ အလယ်တန်း နေဝင်း (ကမ္ဘောဇ)၊ ဇော်ဇော် (မြို့တော်စည်ပင်)၊ မျိုးမင်းထွန်း (စီးပွား/ကူးသန်း)၊ စိုးသီဟအောင် (ဆောက်လုပ်ရေး)၊ ရှေ့တန်း- ကျော်ဇင်ဝင်း (စီးပွားကူးသန်း)နှင့် ဆန်းဒေးသိန်း(ပို့ဆောင်ရေး)၊ မင်းမင်းထွန်း (ဆောက်လုပ်ရေး)တို့ ပါဝင်ကစားသွားကြသည်။

ယနေ့ပွဲ

ညနေ ၄နာရီ
အောင်ဆန်းကွင်း
လက်ရွေးစင်(က)နှင့်
(၂၃)နှစ်အောက်လက်ရွေးစင်အသင်း

(ကြေးမုံ)

မီးသုံးစွဲလျှင် အသိယှဉ် ဆင်ခြင်သတိ အမြဲရှိ

ဝန်ကြီး ဗိုလ်ချုပ်စောထွန်း တွံတေးတံတား တည်ဆောက်ရေး လုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၁၄

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် တာဝန်ရှိသူများလိုက်ပါလျက် မတ် ၁၁ ရက် ညနေပိုင်းတွင် တွံတေးတံတား တည်ဆောက်ရေးလုပ်ငန်းခွင်ရုံးသို့ ရောက်ရှိသည်။

စီမံကိန်းရှင်းလင်းဆောင်၌ တွံတေးတံတား တည်ဆောက်ရေးစီမံကိန်းလုပ်ငန်း တာဝန်ခံ အင်ဂျင်နီယာ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးကျော်နိုင်က ပင်မတံတားလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်ရန်တို့ကို ရှင်းလင်းတင်ပြပြီး လာရောက်အားဖြည့်ဆောင်ရွက်ပေးလျက်ရှိသည့် ချဉ်းကပ်တံတားတာဝန်ခံ တံတားတည်ဆောက်ရေးစီမံကိန်း အထူးအဖွဲ့(၄)မှ အင်ဂျင်နီယာမှူးကြီး၊ ဒုတိယအင်ဂျင်နီယာမှူးကြီးနှင့် အင်ဂျင်နီယာမှူးများက မိမိတို့ တာဝန်ယူဆောင်ရွက်ရသည့် လုပ်ငန်းအပိုင်းလိုက် ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များတို့ကို ဝန်ကြီးအား ရှင်းလင်းတင်ပြကြသည်။

ဝန်ကြီးက ပင်မကြိုးတံတားလုပ်ငန်း၏ ကြိုးတပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေစဉ်အတွင်း ကျန်ရှိနေသော ဘိုးပိုင်တူးခြင်း၊ ပိုင်တိုင်ထိပ်အုပ်၊ တံတားတိုင်နှင့် ရက်မများကို သတ်မှတ်ကာလအတွင်း ပြီးစီးနိုင်ရေးအတွက် လုပ်ငန်းအစီအစဉ်တို့ကို တစ်ခုပြီးမှတစ်ခု ဆောင်ရွက်ခြင်းမျိုးမဟုတ်ဘဲ တစ်ပြိုင်တည်း ဆောင်ရွက်ရန်နှင့် နေ့/ည အဆိုင်းခွဲ၍ စံချိန်စံညွှန်းနှင့်အညီ စနစ်တကျ ကြီးကြပ်ဆောင်ရွက်ရန်တို့ကို မှာကြားသည်။

ယခုအခါ ပင်မကြိုးတံတားအပိုင်းတွင် ပင်မကြိုးတပ်ဆင်ခြင်း ၇၄ချောင်းရှိရာ ၃၆ချောင်း ပြီးစီး၍ **စာမျက်နှာ ၉ ကော်လံ ၅ သို့** ☆

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ နာယက၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် အုန်းမြင့် (၄၃)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အကြိုခင်းကျင်းပြသထားမှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြန်မာ့ကျောက်မျက်ရတနာပြပွဲ အကြို ခင်းကျင်းပြသထားမှု

ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၁၄

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်သည် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမသို့ ရောက်ရှိလာပြီး ၂၀၀၆ခုနှစ် (၄၃)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အကြိုခင်းကျင်းပြသထားမှုများကို ကြည့်ရှုစစ်ဆေးရာ ပြပွဲ ဗဟိုကော်မတီ ဥက္ကဋ္ဌ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမြင့်သိန်း၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး ဉာဏ်ထွန်းအောင်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ဝေလွင်၊ အတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင် ညွှန်ကြားရေးမှူး ဦးသိန်းဆွေနှင့် ဗဟိုကော်မတီဝင်များက ကြိုဆိုကြသည်။ စာမျက်နှာ ၉ ကော်လံ ၁ သို့ ✧

ကြီးအုံ-ကြီးဝ ရေလှောင်တမံကို ဤကဲ့သို့ စက်ယန္တရားကြီးများဖြင့် တည်ဆောက်နေသည်။

မကွေးတိုင်းအနောက်ခြမ်းမှ ကြီးအုံ-ကြီးဝရေလှောင်တမံ

သတင်းမှတ်တမ်း၊ ဓာတ်ပုံ ခင်မောင်သန်း (စက်မှု)

ရန်ကုန် မတ် ၁၄

ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၃)က တာဝန်ယူတည်ဆောက်နေသော ကြီးအုံ-ကြီးဝ ရေလှောင်တမံသည် မကွေးတိုင်း မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်အတွင်း မဲဇလီရေလွှဲဆည်၏ အထက်ငါးမိုင်ခန့်အကွာ မုန်းချောင်းရေလှောင်တမံ၏အောက် ဘက်၁၅မိုင်ခန့်အကွာ ဝန်လိုကျေးရွာအနီး မုန်းချောင်းပေါ်တွင်တည်ရှိသည်။

ကြီးအုံ-ကြီးဝရေလှောင်တမံတည်ဆောက်ရခြင်း ရည်ရွယ်ချက်မှာ မုန်းချောင်းရေလှောင်တမံမှ လျှပ်စစ်ဓာတ်အားအတွက် ထုတ်လွှတ်လိုက်သော ရေများနှင့် ရေလှောင်တမံနှစ်ခုအကြားမှစီးဆင်းနေသော ရေများကို စုပေါင်းသိုလှောင်၍ ရေအားလျှပ်စစ်မဂ္ဂါဝပ် ၇၀ ထပ်မံထုတ်လွှတ်ပေးရန်၊ သိုလှောင်ပြီး ရေများကို ထိန်းညှိထုတ်ပေး၍ လက်ရှိ တည်ဆောက်ပြီးသော မဲဇလီရေလွှဲဆည်မှ တစ်ဆင့် လယ်မြေ ၉၆၇၇၇ ဧကအား မိုးစပါးအတွက် ရေအလုံအလောက်ပေးဝေနိုင်ရန်၊ သီးထပ်အဖြစ် နွေစပါး ၇၄၀၀၇ ဧကကို ရေပေးဝေနိုင်ရန်၊ ဒေသတွင် စိမ်းလန်း စိုပြည်လာစေရန်တို့ဖြစ်သည်။

ကြီးအုံ-ကြီးဝ ရေလှောင်တမံနှင့် ပတ်သက်၍ အသေးစိတ် တည်ဆောက်ရေး အချက်အလက်များကို လက်ထောက်အင်ဂျင်နီယာ ဦးတိုးအောင်နှင့် ဦးစီးမှူး ဦးသိန်းမြင့်တို့က ရှင်းလင်းပြသရာတွင် တမံအမျိုးအစားသည် ဇုန်တမံဖြစ်ပြီး တမံအမြင့် ၁၆၄ ပေရှိ၍ တမံအလျားပင်မတမံပေ ၃၂၈၀ ရှိကြောင်း၊ကန်ရေပြည့် ရေလှောင်ပမာဏမှာ ဧကပေ ၄၆၃၀၀၀၊ ကန်ရေသေ ရေလှောင်ပမာဏ ဧကပေ ၃၅၃၅၀၊ ကန်ရေပြည့်ရေပြင် ကျယ်ပမာဏ ဧက ၁၀၈၆၀၊ ရေစီမံ့တားနံရံ(က) အလျား၈၈၅ပေ၊ (ခ)အနက်၅၁ပေ၊ ရေပိုလွှဲအမျိုးအစားသံကူကွန်ကရစ် ရေပိုလွှဲအကျယ်၃၂၆ပေ၊ ရေပိုလွှဲအလျားပေ ၁၁၀၀၊ **စာမျက်နှာ ၉ ကော်လံ ၃ သို့** ➪

ထူးခြားသည့် နေ့အပူချိန်များ

(၁၄-၃-၂၀၀၆)

မကွေး၊ အောင်လံနှင့် ပြည်

၄၀ ဒီဂရီစင်တီဂရိတ်

(၁၀၄ ဒီဂရီဖာရင်ဟိုက်)

မှတ်သားဖွယ်ရာ မိုးရေချိန်

(၁၄-၃-၂၀၀၆)

မချမ်းဘော

၀ ဒသမ ၀၈ လက်မ

အင်တာနက်သတင်း

ဂျပန်နိုင်ငံမှ အဆာဟိ ကုမ္ပဏီ စက်ရုပ်အလုပ်သမားအသုံးပြုမည်

တိုကျို မတ် ၁၄

ဂျပန်နိုင်ငံရှိ အဖျော်ယမကာထုတ်လုပ်ရေးကုမ္ပဏီဖြစ်သော အဆာဟိကုမ္ပဏီသည် ကုမ္ပဏီကထုတ်လုပ်သော ပစ္စည်းကို ဈေးကွက်၌ အရောင်းမြှင့်တင်နိုင်ရန် ရည်ရွယ်လျက် စက်ရုပ်အလုပ်သမားများ အသုံးပြုသွားရန် စီစဉ်လျက်ရှိကြောင်း မတ် ၁၄ ရက် အင်တာနက်သတင်းတွင် ဖော်ပြသည်။

စက်ရုပ်အလုပ်သမားသည် လာရောက်သောက်သုံးသူများကို ဧည့်ခံပေးနိုင်ရန် တီထွင်ထုတ်လုပ်ထားသော စက်ရုပ်ဖြစ်သည်။

စာမျက်နှာ ၉ ကော်လံ ၆ သို့ ☆



ဂျပန်သိပ္ပံပညာရှင်များ တီထွင်ထုတ်လုပ်ထားသော နေအိမ်သုံး စက်ရုပ်တစ်မျိုးကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)